# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၆)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (24-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **မဲပေးခွင့်ရခြင်းက နိုင်ငံသားတစ်ဦးဖြစ်တဲ့ သင့်အတွက် အခွင့်အရေးတစ်ခုပါ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယမိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကာသီဒြယ်ကက်သလစ်ဘုရားကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးနှင့် သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင်၊ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စီပန်းချီကားကို ပေးအပ်စဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# ပန်းတိုင်ရည်မှန်းချက်ရရှိရေး ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး ကျေးလက်နေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့်အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာ၌ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်(၄)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး** အချက်ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်သည်။ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သည်။

**"စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာမည်ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများ စွာသုံးစွဲနေရကြောင်း"** စသည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၂၁ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စေရန်အတွက် တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း အထွက်ရရှိရေးက စတင်ရမည်ဖြစ်သည်။ တစ်ဧကပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် အဓိကလိုအပ်ချက်သည် မျိုး၊ မြေ၊ ရေ၊ နည်းပင်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးများ ကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့်မြေဩဇာများကိုရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေးဆောင်ရွက်ခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များအသုံးပြုနိုင်ရေးဖော်ဆောင်ခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီရေး အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်မြှင့်တင်ပေးနိုင်ရန်အတွက် ဒေသအလိုက်ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဆောင်ရွက်ပေးနေမှုများကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူပြည်သူများက ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများကို ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ်အသုံးပြုတာ များပါတယ်။ စပါးသစ်ပေါ်တာ နည်းနေသေးတော့ ဖွဲနုလဲအထွက်နည်းနေပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူအားများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ အမှာများကာ အရောင်းအဝယ်ကောင်းလာတာပါ"ဟု မအူပင်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသတွင်းမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်းတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနု အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၄
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၉၁၇၇ ဧကနှင့် ဖူးစားပြောင်း ၄၈၀၁ ဧက စုစုပေါင်း ၂၃၉၇၈ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၉၁၇၇ ဧကတွင် တစ်ဧကလျှင် ဖိုသ ဒသမ ၄၄ တင်းနှင့် ဖူးစားပြောင်း ၄၈၀၁ ဧကတွင် တစ်ဧကလျှင် ပြောင်းဖူရေ တင်း ၁၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း စုစုပေါင်း ၂၃၉၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တွဲလက်ညီညီ ရှေ့သို့ချီ အောင်လံလွှင့်ဝေ တပ်မတော်(ရေ)

ရဲလွင်(တိုင်းတာရေး)

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်သည် တပ်မတော်(ရေ)၏ (၇၈)နှစ်မြောက်နှစ်ပတ်လည်နေ့ ဖြစ်၏။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ပန်ဆင်လျက် သစ္စာလေးချက်ကို ရင်ဝယ်သံမှိုနှက်ကာ နိုင်ငံတော်၊ နိုင်ငံသားနှင့် တပ်မတော်အတွက်ပေးအပ်သည့် အမိန့်နှင့် တာဝန်မှန်သမျှကို အရိုးကြေကြေ၊ အရေခန်းခန်း ဦးလည်မသုန်ထမ်းရွက်ခဲ့သည်မှာ ၇၈ နှစ် ပြည့်မြောက်ခဲ့လေပြီ။

တပ်မတော်(ရေ)သည် ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် မျိုးချစ် တပ်မတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ဖြင့် တစ်ဆင့်ချင်း တိုးတက်အောင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်(ရေ)အား အနာဂတ်ကာလတွင် ရေပြာရေတပ်အဆင့် (Blue Water Navy Standard) ရောက်ရှိရန်မျှော်မှန်း အကောင်အထည်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ (National Maritime Interests) အား ကာကွယ်စောင့်ရှောက်ရေး၊ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေးဟူသော ရည်မှန်းချက် (၃) ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိ၏။ အထက်ပါမျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် ရှေ့သို့ချီတက်နေသော တပ်မတော်(ရေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။

သခင်အောင်ဆန်း(ဗိုလ်တေဇ)ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့က ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လက်မောင်းသွေးဖောက် သစ္စာရေသောက်ပြီး မြန်မာ့တပ်မတော်၏အမြုတေ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army – BIA) ကို မဖွဲ့စည်းမီကပင် မြန်မာ့တပ်မတော်(ရေ)သည် ဖွဲ့စည်းပေါ်ပေါက်ခဲ့၏။ မြန်မာနိုင်ငံ နယ်ချဲ့ဗြိတိသျှတို့လက်အောက် ကျရောက်ပြီးနောက် မြန်မာ့ကမ်းရိုးတန်းကာကွယ်ရေးကို ဗြိတိသျှတို့၏ အရှေ့အိန္ဒိယရေတပ်ကတာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယရေတပ်က လွှဲပြောင်းတာဝန်ယူခဲ့၏။ ၁၉၃၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှခွဲထွက်ပြီးနောက် ဗမာ့အပျော်တမ်းအရန်ရေတပ် (Burma Royal Naval Volunteer Reserve – BRNVR) ကို ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့၏။ ၁၉၄၂ ခုနှစ် ဖက်ဆစ်ဂျပန်တို့လက်အောက်သို့ မြန်မာနိုင်ငံ ကျရောက်ချိန်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်သည်လည်း နယ်ချဲ့ဗြိတိသျှတို့နှင့်အတူ အိန္ဒိယသို့ ဆုတ်ခွာခဲ့၏။ ဂျပန်တို့က ၁၉၄၂ ခုနှစ် ဇွန်လတွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော် (Burma Independence Navy – BIN) ကိုဖွဲ့စည်းခဲ့၏။ ထို့ကြောင့် BRNVR နှင့် BIN တို့သည် ယနေ့တပ်မတော်(ရေ)၏အမြုတေ ရေတပ်များအဖြစ် သမိုင်းအစဉ်အလာကောင်းများကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်၏။

သမိုင်းအစဉ်အလာကောင်းခဲ့သော တပ်မတော်(ရေ)သည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့၏။ မြန်မာ့ကြည်းတပ်မတော်နှင့်အတူ ထင်ရှားခဲ့၏။ သမိုင်းအထောက်အထားများအရ ဘာသာရေး၊ယဉ်ကျေးမှု၊ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ကို အခြေခံသော ပင်လယ်ရေကြောင်းသွားလာမှုနှင့် ရှေးမြန်မာတို့ ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း လေ့လာတွေ့ရှိရ၏။ ၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေကြောင်းသွားလာမှုအစပြုခဲ့ကြောင်း၊ ၁၅ ရာစု အလယ်ပိုင်းတွင် မုတ္တမမှထုတ်လုပ်ခဲ့သော မုတ္တမစဉ့်အိုး (Martaban Jar) သည် အရှေ့တောင်အာရှနိုင်ငံများမှ အာရပ်နိုင်ငံများအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း လေ့လာသိရှိရ၏။ ပုဂံခေတ်တွင် အလောင်းစည်သူမင်းသည် ပုသိမ်သင်္ဘောဆိပ်မှ တစ်ဆင့် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်တို့သို့ တိုင်းခန်းလှည့်လည်ခဲ့ကြောင်း၊ နရပတိစည်သူမင်းလက်ထက်တွင် သံဃာတော်များ သီဟိုဠ်ကျွန်းနှင့် အဆက်အဆံမပြတ်သွားလာခဲ့ကြောင်း အထင်အရှားတွေ့ရ၏။ ၁၈ ရာစု ကုန်းဘောင်မင်းဆက် ရတနာပုံခေတ်တွင် ရေတပ်ကိုရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များဖြင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့၏။ သာယာဝတီမင်း၏ သာယာဝတီ-ဒဂုံရေကြောင်းချီစစ်သည် မြန်မာ့ရေတပ်၏ အရည်အသွေးကို ထုတ်ဖော်ပြသနိုင်ခဲ့၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် မြန်မာ့ရေယာဉ်တည်ဆောက်ရေး ဗိသုကာပညာရှင် "ဆရာရှမ်း" တည်ဆောက်ခဲ့သော အမြောက် ၁၄ လက်ပါ ရေနွေးငွေ့စက်တပ်တိုက်သင်္ဘော ရေချနိုင်ခဲ့ခြင်းသည်လည်း မြန်မာတို့၏ ရေယာဉ်တည်ဆောက်မှုသမိုင်းမှာ ခေတ်နောက်မကျခဲ့ကြောင်း လေ့လာသိရှိရ၏။

စစ်နှင့်သက်ဆိုင်သော စာပေများလေ့လာရာတွင် စစ်အင်္ဂါလေးပါးကိုအခြေခံကြောင်း တွေ့ရှိရ၏။ ၎င်းတို့မှာ ဆင်လည်းတစ်ပါး၊ မြင်းလည်းတစ်ပါး၊ ရထားလည်းတစ်ပါး၊ ခြေသည်လည်းတစ်ပါးဖြစ်ကြောင်း၊ အဆိုပါစစ်အင်္ဂါလေးပါးကိုပင် သေနင်္ဂဟုလည်းခေါ်ကြောင်း လေ့လာသိရှိရ၏။ စစ်အင်္ဂါလေးပါးမှာ ပါဠိကျမ်း၊ သက္ကတကျမ်းများကိုမှီကြောင်း လေ့လာသိရှိရ၏။

ရှေးမြန်မာမင်းများလက်ထက်၌ အမြဲတမ်းတပ်မတော်အဖြစ် ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိဘဲ နိုင်ငံအတွက် လိုအပ်ချိန်မှသာ ဆင့်ခေါ်စစ်မှုထမ်းစေ၏။ ထိုသို့ဆင့်ခေါ်နိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့စသည်ဖြင့်သတ်မှတ်ပေးထား၏။ ဖွဲ့စည်းပေါ်ပေါက်လာသော တပ်မတော်ကို ရာထူးခန့်အပ်ရာ၌လည်း လုပ်ရည်ကြံ့ရည်၊ အရည်အသွေးပေါ်မူတည်ပြီးခန့်အပ်ကြောင်း လေ့လာသိရှိရ၏။ "ခြေလျင် ၁၀ ပွဲရမှ မြင်းတင်၏၊ မြင်း ၁၀ ပွဲရမှ ဆင်သို့တင်၏၊ ဆင် ၁၀ ပွဲရမှ လှေသို့တင်၏၊ လှေ ၁၀ ပွဲရမှ မြို့ပြကံကျွေးပေးပြီး သူကောင်းပြု၏" ဟု လေ့လာသိရှိရ၏။ ထို့ကြောင့် ရှေးအခါက လှေတပ်(ရေတပ်)အား အရည်အသွေးအပြည့်ဝဆုံး စစ်သည်ရဲမက်များဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာသိရှိရ၏။

သို့သော်လည်း ရှေးမြန်မာဘုရင်များလက်ထက် ဖွဲ့စည်းပေါ်ပေါက်ခဲ့သော မြန်မာ့ရေတပ်သည် တိုင်းတစ်ပါးသို့ ကျူးကျော်လိုသော ရည်ရွယ်ချက်ဖြင့် အခိုင်အမာဖွဲ့စည်းခဲ့ခြင်း မရှိခဲ့ပေ။ ပဒေသရာဇ်အချင်းချင်း အားပြိုင်ရာတွင်သာ အသုံးပြုခဲ့ကြ၏။ မြစ်၊ ချောင်းပေါများသော မိမိတို့နိုင်ငံတွင် မြစ်၊ ချောင်းများကိုအခြေခံသော ရေကြောင်းတိုက်ပွဲများ ပေါ်ပေါက်ခဲ့၏။ မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင် တပင်ရွှေထီးနှင့် မုတ္တမစား စောဗညားတို့တိုက်ခိုက်ခဲ့သော မုတ္တမတိုက်ပွဲသည် ထင်ရှားခဲ့၏။ ထို့ပြင် ရာဇဝင်တွင်ထင်ရှားခဲ့သော "စစ်တို့၏သဘောသည် အင်အားနည်းသည်၊ များသည်ဟူ၍ မဆိုရာ၊ လုပ်ရည်ကိုင်ရည်နှင့် အရဲအစွမ်းသာ အရင်းဖြစ်သည်" ဟု ဆိုရိုးပြုခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နောင်ရိုးတိုက်ပွဲသည် ရေကြောင်းတိုက်ပွဲမဟုတ်သော်လည်း မြစ်၊ ချောင်းကိုအခြေခံ၍ စိတ်ဓာတ်ခိုင်မာပြတ်သားမှုကိုအရင်းခံသော တိုက်ပွဲတစ်ခုဖြစ်၏။ အလားတူ ကုန်းဘောင်ခေတ်အတွင်း ဆင်နွှဲခဲ့သော အင်းဝတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ၊ ဒေါပုံတိုက်ပွဲ စသည်တို့သည်လည်း ထင်ရှားသော ရေကြောင်းတိုက်ပွဲများဖြစ်ခဲ့၏။

ထိုသို့သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာ့ရေတပ်သည် နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်စစ်သုံးကြိမ်တိုက်ခိုက်ခံရပြီး လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ ပျောက်ကွယ်ခဲ့ရ၏။ ကိုလိုနီခေတ် မြန်မာ့ကမ်းရိုးတန်းရေပြင်ကာကွယ်ရေးကို ဗြိတိသျှတို့၏ အရှေ့အိန္ဒိယရေတပ်က တာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယရေတပ်က လွှဲပြောင်းတာဝန်ယူခဲ့၏။ ၁၉၄၀ ပြည့်နှစ်တွင် BRNVRကိုဖွဲ့စည်းခဲ့ရာ ဗြိတိသျှတော်ဝင်ရေတပ်မှ ဗိုလ်မှူးကြီး ကေအက်စ်လိုင်းက တပ်မှူးကြီး၊ ဘုရင်ခံ ဆာဒေါ်မန်စမစ်က စစ်ဦးစီးဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ မြန်မာနိုင်ငံကို ကျူးကျော်တိုက်ခိုက်လာသောအခါ ဗြိတိသျှတို့ အိန္ဒိယသို့ဆုတ်ခွာရာ၌ BRNVR တို့လည်း လိုက်ပါသွားခဲ့၏။ ဂျပန်တို့က ဗြိတိသျှရေတပ်ဖွဲ့ဝင်ဟောင်းများကိုစည်းရုံးပြီး ဗမာ့လွတ်လပ်ရေးရေတပ်မတော် (BIN) ကို ၁၉၄၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ဖွဲ့စည်းပေးခဲ့၏။ ၁၉၄၅ ခုနှစ်ဦးပိုင်းတွင် ဗြိတိသျှမဟာမိတ်တို့ မြန်မာ့မြေပေါ်ရှိ ဂျပန်တို့ကို တန်ပြန်တိုက်စစ်ဆင်နွှဲခဲ့ရာ BRNVR လည်းပါဝင်တိုက်ခိုက်ခဲ့၏။ ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက်တပ်စွဲထားသော ဂျပန်တို့ကို ဗြိတိသျှရေတပ်နှင့်အတူ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့၏။ ၁၉၄၅ ခုနှစ် မေ ၁၀ ရက်တွင် ဆိပ်ကမ်းကာကွယ်ရေး ရေယာဉ် (Harbour Defence Motor Launch – HDML) ကိုးစီးနှင့်အတူ ရန်ကုန်မြို့သို့ရောက်ရှိခဲ့ရာ ဆုတ်ခွာနေသည့် ဂျပန်တို့၏ ရန်ကုန်မြို့ကိုဖျက်ဆီးမည့်အန္တရာယ်မှ ကာကွယ်နိုင်ခဲ့၏။

ဗြိတိသျှတို့မြန်မာနိုင်ငံကို ပြန်လည်ချုပ်ကိုင်နိုင်သောအခါ ဗမာ့အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦး၊ ဖရီဂိတ်စစ်ရေယာဉ် တစ်စီး၊ HDML ၁၃ စီးတို့ဖြင့် အမြဲတမ်းရေတပ်မတော်ဖွဲ့စည်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်မြစ်လယ်၌ ဖရီဂိတ်စစ်ရေယာဉ် HMS Fal အား ဗြိတိသျှရေတပ်မတော်မှ ဗမာ့အပျော်တမ်းအရန်ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ထိုစဉ်က စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်လက်ခံခဲ့၏။ HMS Fal မှာ စစ်ကြီးအတွင်းက အမှုထမ်းဆောင်ခဲ့သည့်အပြင် ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် ဗမာ့တပ်မတော်သားများက ဂျပန်တို့ကိုနှိမ်နင်းအောင်မြင်ခဲ့သည်ကို မမေ့နိုင်သည့်အတွက် အမည်ထင်ရှားစေရန် "စစ်ရေယာဉ်(မေယု)"ဟု အမည်ပြောင်းလဲလိုက်ကြောင်း၊ ထို့အတွက်မြန်မာလူမျိုးအနေဖြင့် မိမိဂုဏ်ယူကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ထည့်သွင်းမိန့်ခွန်းပြောကြားခဲ့၏။ စစ်ရေယာဉ်(မေယု) လွှဲပြောင်းလက်ခံသည့် အခမ်းအနားတွင် ရေတပ်ထုံးတမ်းစဉ်လာအရ စစ်ရေယာဉ်ပိုင်ဆိုင်သော နိုင်ငံ၏ရေတပ်အလံကို လွှင့်ထူရသည်ဖြစ်ရာ စစ်ရေယာဉ်ဦးပိုင်းအလံတိုင်မှ ဗြိတိသျှရေတပ်အလံအားလျှော့ချပြီး ဗမာ့အပျော်တမ်းအရန် ရေတပ်အလံကိုလွှင့်ထူခဲ့၏။ မြန်မာ့လွတ်လပ်ရေးအကြိုရောင်နီဦးသည် မြန်မာ့တပ်မတော် (ရေ) စစ်ရေယာဉ်(မေယု)၌ စတင်ကွန့်မြူးခဲ့ပြီး မကြာမီလွတ်လပ်ရေးရရှိမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ် မြန်မာတစ်မျိုးသားလုံး၊ မြန်မာတစ်နိုင်ငံလုံးက ဝမ်းမြောက်ဝမ်းသာမှတ်ယူကြိုဆိုခဲ့ကြ၏။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်ရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဖွဲ့စည်းမိန့်အမှတ် (၄၂၄) (Burma Gazette, No. 424) ဖြင့် ဗမာ့အပျော်တမ်းအရန်ရေတပ်အား **"ဗမာ့ရေတပ်မတော်"** အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့၏။ စစ်ရေယာဉ်(မေယု)၏ ပထမဦးဆုံးသော မြန်မာနိုင်ငံသား စစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘိုက ဗြိတိသျှ ဗိုလ်မှူးကြီး ကေအက်စ်လိုင်းထံမှ တာဝန်များ လွှဲပြောင်းလက်ခံခဲ့၏။ လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နိုင်မှုနှင့်အတူ အရာရှိ၊ စစ်သည်အင်အား၊ စစ်ရေယာဉ်အင်အား၊ လက်နက်ခဲယမ်းအင်အားစသည်တို့ဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းရှိသော တပ်မတော်(ရေ)သည် အခိုင်အမာဖြစ်တည်ပေါ်ပေါက်လာခဲ့၏။

သို့သော်လည်း လွတ်လပ်ရေးနှင့်အပြိုင် ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း၊ လေ)တို့နှင့်အတူ နိုင်ငံလုံခြုံရေး၊ ပြည်သူလူထုကာကွယ်ရေးတို့အတွက် လက်တွဲညီညီ ရှေ့တိုးချီခဲ့၏။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများနှင့် တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ မကြောက်မရွံ့ နောက်မတွန့်စတမ်း ရွပ်ရွပ်ချွံချွံဆင်နွှဲခဲ့၏။ တစ်တိုင်းပြည်လုံး ပြည်တွင်းသောင်းကျန်းမှုများကြီးစိုးခဲ့သည့်အတွက် **"ရန်ကုန်အစိုးရ"**ဟု နိုင်ငံတကာက နှိမ့်ချဆက်ဆံခံခဲ့ရချိန်တွင် ရန်ကုန်မြို့ကိုသိမ်းပိုက်ရန် ဦးတည်ချီတက်လာသော သောင်းကျန်းသူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ

❖ သမိုင်းအစဉ်အလာကောင်းခဲ့သော တပ်မတော်(ရေ)သည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့၏။ မြန်မာ့ကြည်းတပ်မတော်နှင့်အတူ ထင်ရှားခဲ့၏။ သမိုင်းအထောက်အထားများအရ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ကိုအခြေခံသော ပင်လယ်ရေကြောင်းသွားလာမှုနှင့် ရှေးမြန်မာတို့ ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း လေ့လာတွေ့ရှိရ၏။ ၁၂ ရာစု အစပိုင်းကပင် မြန်မာ့ရေကြောင်းသွားလာမှုအစပြုခဲ့ကြောင်း၊ ၁၅ ရာစု အလယ်ပိုင်းတွင် မုတ္တမမှထုတ်လုပ်ခဲ့သော မုတ္တမစဉ့်အိုး (Martaban Jar) သည် အရှေ့တောင်အာရှနိုင်ငံများမှ အာရပ်နိုင်ငံများအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း လေ့လာသိရှိရ၏။ ❖

စာမျက်နှာ ၄ သို့ ➡

á စာမျက်နှာ ၃ မှအဆက်

အပြင် ဘီးတပ် ၄၀ မမ အမြောက်များက စွမ်းစွမ်းတမံ ခုခံကာကွယ်ခဲ့ကြ၏။ တပ်မတော်(ရေ)၏ တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊ ရေသဘက် အမည်တွင်သော ဘီးတပ်အမြောက်များသည် အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကို ရိုက်ချိုးချေမှုန်းနိုင်ခဲ့၏။ စစ်ရေယာဉ်(မေယု)မှ လေးလက်မအမြောက်ကြီး၏ တိကျထိရောက်သောပစ်ကူပေးမှုသည် နာမည်ကျော်ခဲ့ပြီး အင်းစိန်၊ သန်လျင်ကျိုက်ခေါက်၊ ပုသိမ်၊ ကျောက်ဖြူနှင့် မော်လမြိုင်တိုက်ပွဲတို့တွင် သောင်းကျန်းသူများကို ကြောက်ရွံ့တုန်လှုပ်စေခဲ့၏။

တပ်မတော်(ရေ)သည် စတင်တည်ထောင်ကတည်းကပင် အရာရှိ၊ စစ်သည်များ၏ ရဲစွမ်းသတ္တိရှိစွာဖြင့် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့မှုကြောင့် နိုင်ငံတော်မှ စွမ်းရည်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်၏။ တပ်မတော် (ရေ)စတင် ဖွဲ့စည်းချိန်မှသည် ယနေ့ထိ သီဟသူရဘွဲ့ တစ်ဦး၊ သူရဘွဲ့ ၁၇ ဦး၊ သီဟဗလ တံဆိပ် နှစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၆၈ ဦး၊ ပြည်သူ့သားကောင်းတံဆိပ် တစ်ဦး၊ စစ်သေနာပတိ၏ သူရဲကောင်းလက်မှတ် ၁၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၄၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၆၆ ဦး ချီးမြှင့်ခံခဲ့ရသည်မှာ တပ်မတော်(ရေ)အတွက် ဂုဏ်ယူဖွယ်သမိုင်းမော်ကွန်းပင်ဖြစ်၏။

အောင်မြင်စွာဖြတ်ကျော်လာခဲ့သော ၇၈ နှစ်တာကာလ သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော် (ရေ)သည် ရေမြင့်၍ကြာတင့်ခဲ့ပြီဖြစ်၏၊ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသောအခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်း ရေတပ်များက ခံ့ညားလေးစားရသော တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့ပြီဖြစ်၏။

ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော်ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်၏ အဖိုးတန်သယံဇာတများကား ပေါကြွယ်ဝသည်ထက်ပိုလေ၏။ ထို့ပြင် မျက်မှောက်ခေတ်နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ် (Choke Point) နေရာတွင်လည်း တည်ရှိနေပြန်၏။ ထို့ကြောင့် မြန်မာ့ပင်လယ်ပြင်သည် **"ရွှေနိုင်ငံ၏ရွှေပင်လယ်"** ဟု သတ်မှတ်မည်ဆိုပါက မည်သူငြင်းပယ်နိုင်ပါမည်နည်း။

ရွှေပင်လယ်၏တန်ဖိုးကြီးမားပုံကို အလေးထားသော တပ်မတော်အကြီးအကဲက တပ်မတော် (ရေ)၏ တိုက်စွမ်းအားများဖြစ်သည့် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ရန် လမ်းညွှန်မှုပြုခဲ့၏။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်မတော်(ရေ)၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်တွင် နိုင်ငံတကာ စံချိန်စံညွှန်းမီစစ်ရေယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်စေခဲ့၏။ တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ တပ်မတော် (ရေ) အရာရှိ၊ စစ်သည်များ၏ အားထုတ်ကြိုးပမ်းမှုတို့ကြောင့် အဆင့်အတန်းမီ စစ်ရေယာဉ်များကို စဉ်ဆက်မပြတ် တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်နိုင်ခဲ့ကြ၏။ **"ဝယ်ယူအသုံးပြုသူမှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder)"** အဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့၏။

တပ်မတော်(ရေ)ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်၏ သီလဝါ သင်္ဘောကျင်း(ပထမအဆင့်)ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ တပ်မတော်(ရေ)၏ ရေယာဉ်တည်ဆောက်ရေးအခန်းကဏ္ဍမှာ ပိုမိုအရေးကြီးပေ၏။ ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ တပ်မတော်(ရေ)မှ ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်ပြီးသော စစ်ရေယာဉ်ပေါင်းမှာ ၇၈ စီးဖြစ်၏။ ထို့ပြင် တပ်မတော်(ရေ)၏ အကြီးဆုံး ဖရီဂိတ်စစ်ရေယာဉ်ကြီးကိုလည်း ပြီးခဲ့သည့် (၇၇) နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် အမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာ အခမ်းအနားများကျင်းပပြုလုပ်ခဲ့ပြီး တပ်မတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့၏။ တပ်မတော်အကြီးအကဲက **"ယခု ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား နိုင်ငံ၏ပြည်တွင်းရန်ကိုနှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော သာလွန်မင်းတရား**ကြီးအား ဂုဏ်ပြုသောအားဖြင့် "ဖရီဂိတ်စစ်ရေယာဉ် (သာလွန်မင်း)"ဟု ကျွန်ုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်ပေးလိုက်သည်။ ဤစစ်ရေယာဉ်ကြီးနှင့်တကွ စစ်ရေယာဉ်ကြီးနှင့်အတူ လိုက်ပါတာဝန်ထမ်းဆောင်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရေယာဉ်သက်တမ်းပြည့် တာဝန်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်" ဟု မြွက်ကြားကာ အမည်ပေးမင်္ဂလာအခမ်းအနား ကျင်းပခဲ့၏။ ထို့နောက် ဖရီဂိတ်စစ်ရေယာဉ်ကြီး၏ ဦးပိုင်းတွင်ချိတ်ဆွဲထားသော ရှန်ပိန်ပုလင်းကို ချည်နှောင်ထားသည့် မင်္ဂလာပိုးကြိုးအား မင်္ဂလာအချိန်တွင် ရွှေပုဆိန်ဖြင့်ခုတ်ဖြတ်၍ ရေတပ်ထုံးတမ်းအစဉ်အလာနှင့်အညီ ရှန်ပိန်ပုလင်းခွဲကာ ရေချပွဲမင်္ဂလာအခမ်းအနားကို တစ်ဆက်တည်းကျင်းပခဲ့ခြင်းဖြစ်၏။ တစ်ချိန်တည်းတွင် နီ၊ စိမ်း၊ ဝါ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ တပ်မတော်(ရေ) စစ်တီးဝိုင်းက စိတ်ဓာတ်တက်ကြွဖွယ် စစ်ချီသီချင်းတီးမှုတ်ဂုဏ်ပြုခြင်းများကို ခမ်းနားထည်ဝါစွာဖြင့် ဆောင်ရွက်ခဲ့၏။

**❖ အောင်မြင်စွာဖြတ်ကျော်လာခဲ့သော ၇၈ နှစ်တာကာလ သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော် (ရေ)သည် ရေမြင့်၍ကြာတင့်ခဲ့ပြီဖြစ်၏၊ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသော အခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်း ရေတပ်များက ခံ့ညားလေးစားရသော တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့ပြီဖြစ်၏။ ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော်ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်၏ အဖိုးတန်သယံဇာတများကား ပေါကြွယ်ဝသည်ထက်ပိုလေ၏။ ❖**

ဤသို့ တပ်မတော်(ရေ)၏ အကြီးဆုံးဖရီဂိတ်စစ်ရေယာဉ်ကြီးကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်ခဲ့ခြင်းမှာ ရေတပ်သားတို့၏ကြီးစွာသော ကြိုးပမ်းအားထုတ်မှုအပြင် တပ်မတော်အကြီးအကဲ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကြောင့်ပင် ဖြစ်၏။ စစ်ရေယာဉ်ကြီး၏ ခုတ်မောင်းသွားလာမှုစနစ်၊ လက်နက်နှင့်လက်နက်စနစ်၊ ဆက်သွယ်ရေးနှင့် ရေကြောင်းသွားလာမှုစနစ်၊ ရေယာဉ်ကိုယ်ထည်ပိုင်းနှင့် ရေလုံမှုစနစ် စသည့်စနစ်ပေါင်းများစွာကို ပေါင်းစပ်တည်ဆောက်နိုင်ခဲ့ခြင်းမှာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ညှိနှိုင်းမှု၊ နားလည်စာနာမှုတို့ဖြင့် တွေ့ကြုံခဲ့ရသောစိန်ခေါ်မှုနှင့် အခက်အခဲပေါင်းများစွာကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့၏။ တပ်မတော်(ရေ)၏ သမိုင်းမှတ်တိုင်သစ် တစ်ရပ်သာမကဘဲ နိုင်ငံတော်နှင့် တပ်မတော်၏ အောင်မြင်မှုအဖြစ်လည်း မှတ်ကျောက်တင်ထိုက်၏။

တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ရန်မှာ တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များအပေါ် များစွာမှီတည်နေ၏။ ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဟူသော စစ်ဆင်ရေးနယ်ပယ် လေးရပ်စလုံး ထိရောက်စွာစစ်ဆင်နိုင်ရန် မလွဲမသွေ လိုအပ်၏။ ထို့ပြင် ရေတပ်စွမ်းအားသည် ပင်လယ်ပြင်မှ ကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အရင်းအမြစ် (Maritime Resource) များကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ Naval Power ကို Fighting Power အဖြစ် အသုံးချနိုင်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှု ဟူသော အသင့်ဖြစ်မှု သုံးရပ်ဖြင့် ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိ၏။

မည်မျှပင် ခေတ်မီတန်ဖိုးကြီးမားသော စစ်ရေယာဉ်နှင့် စစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုနိုင်ပါက အချည်းနှီးပင်ဖြစ်၏။ တစ်နည်းအားဖြင့် **"တိုက်စွမ်းအား"** ပြည့်စုံရုံနှင့် မလုံလောက်ဘဲ **"တိုက်စွမ်းရည်"** နှင့်လည်း ပြည့်စုံနေရန်လိုအပ်၏။ ထို့ကြောင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်လည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိ၏။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အရာရှိ ဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံ အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ရှိ၏။ ထို့ပြင် ပြည်ပအလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများသို့လည်း စဉ်ဆက်မပြတ် စေလွှတ်ပါဝင်တက်ရောက်စေလျက်ရှိ၏။ နိုင်ငံတကာရေတပ်များ၊ ဒေသတွင်း ရေတပ်များ၊ အိမ်နီးချင်းရေတပ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ ပူးတွဲကင်းလှည့်ခြင်း၊ ပူးတွဲ ရေကြောင်းတိုင်းတာခြင်းများဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်အကြီးအကဲ၏ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် လမ်းညွှန်ချက်အတိုင်း တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ် ဟန်ချက်ညီတိုးတက်စေရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိ၏။

ထို့ပြင် တပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများကိုလည်း ၎င်းတို့တာဝန်ထမ်းဆောင်မည့် အချိန်ကာလအတွင်း တပ်မတော်(ရေ)အတွက်၊ ၎င်းတို့ကိုယ်တိုင်အတွက် အကျိုးရှိထိရောက်စေမည့် Professional ဘာသာရပ်၊ ပညာရပ်ပိုင်းဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချခြင်း၊ လက်တွေ့လိုက်နာ ဆောင်ရွက်ခြင်းတို့ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိ၏။ အရာရှိ၊ စစ်သည်များ၏ ပညာရည်တိုးတက်အောင်မြင်စေရန် အားပေးကူညီလျက်ရှိ၏။ ပညာအရည်အချင်း တိုးတက်မှုနှင့်အညီ သင့်လျော်သော ရာထူးအဆင့်အတန်းတိုးမြှင့်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ၏။ တာဝန်ထမ်းဆောင်လျက်ရှိသော အမျိုးသား၊ အမျိုးသမီးအရာရှိများကိုလည်း၎င်းတို့စစ်မှုထမ်းသက်အလျောက် ဖြတ်သန်းရမည့် အနာဂတ်လမ်းပြမြေပုံ (Carrier Road Map) ကို ရေးဆွဲချမှတ်ထားပြီး အရာရှိတစ်ဦးချင်းစီ၏ အနာဂတ်ရည်မှန်းချက်ကို ပုံဖော်ပေးထား၏။

တပ်မတော်(ရေ)၏ လုပ်ငန်းတာဝန်ကဏ္ဍကြီးလေးရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ (Military Role)၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ စာနာအကူအညီပေးရေးကဏ္ဍ (Benign Role)နှင့် သံတမန်ရေးရာကဏ္ဍ (Diplomatic Role) တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စွမ်းဆောင်နိုင်ရေး ရည်မှန်းအကောင်အထည်ဖော်လျက်ရှိ၏။

ကဏ္ဍကြီးလေးရပ်အနက် စစ်ရေးကဏ္ဍသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးဖြစ်ပြီး **"အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေး သတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဟူသည့် **"မြဲသုံးမြဲ"**ကို လက်ကိုင်ထားကာ **"လေ့ကျင့်၊ ကျွမ်းကျင်၊ အောင်ပွဲဆင်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်မှကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိ၏။ တပ်မတော်(ရေ) စစ်ရေယာဉ်အမျိုးအစားပေါင်းစုံ စုပေါင်းပါဝင်သော စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise – Sea Shield) ကို ၂၀၁၄ ခုနှစ်မှ စတင်လေ့ကျင့်ခဲ့ပြီး တပ်မတော်(ရေ)၏ ပထမဦးဆုံး ရေပြင်မှရေပြင်ပစ်ဒုံးပျံကို အောင်မြင်စွာ ပစ်ခတ်လေ့ကျင့်နိုင်ခဲ့၏။ တပ်မတော်(ရေ)၏ အဆိုပါလေ့ကျင့်ခန်းများကို တပ်မတော်အကြီးအကဲကိုယ်တိုင် နှစ်စဉ်တက်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များအား လမ်းညွှန်မှာကြားခြင်းကြောင့် လေ့ကျင့်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်အစွမ်းထက်လာခဲ့၏။ ပါဝင်လေ့ကျင့်ကြသော တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များအတွက် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အလေ့အကျင့်ကောင်းများကို ရရှိပိုင်ဆိုင်စေခဲ့၏။

စစ်ရေးကဏ္ဍအတွက် အဓိကတိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်သည်သာမက ပြင်ပနိုင်ငံများမှလည်း အမျိုးအစားစုံလင်အောင် ဝယ်ယူဖြည့်တင်း အားဖြည့်ပေးလျက်ရှိ၏။ တပ်မတော်(ရေ) တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ် "မင်းရဲသိင်္ခသူ" နှင့် "မင်းရဲကျော်ထင်" တို့ကို (၇၃)နှစ်မြောက်နှင့် (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့များတွင် အသီးသီး တပ်တော်ဝင်နိုင်ခဲ့၏။ ရေအောက်ရန်စစ်ဆင်ရေးစွမ်းရည်ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် Submarine Arm ပိုင်ဆိုင်ခြင်းဖြင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ခဲ့၏။ သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော ရေတပ် (Three Dimensional Navy) အဆင့်သို့ တက်လှမ်းကာ စစ်ရေးကဏ္ဍကို တောင့်တင်းခိုင်မာစေမည်ဖြစ်၏။

မိမိတို့နိုင်ငံနှင့် ပြည်သူတို့အတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍသည်လည်း အရေးကြီး၏။ ရေကြောင်းသွားလာမှုတိုးတက်များပြား

**စာမျက်နှာ ၅ သို့ á**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

ဝ် စာမျက်နှာ ၄ မှအဆက်

လာမှုနှင့်အတူ ပင်လယ်ပြင် အခြေပြုဖြစ်ပေါ်လာသော အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ၊ လက်နက်နှင့်မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများ၊ လူမှောင်ခို ကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်လျက်ရှိရာ ၎င်းတို့ကို ထိရောက်စွာ တားဆီးကာကွယ်ရန်လိုအပ်လာ၏။ ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး အတွက် တပ်မတော်(ရေ)နှင့် လက်တွဲဆောင်ရွက်မည့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်က စတင် ဖွဲ့စည်းလုစ်တပ်တော်ဝင်ခဲ့၏။ ထို့ကြောင့် တပ်မတော်(ရေ)နှင့်အတူ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းဆိုင်ရာရဲတပ်ဖွဲ့နှင့် အခြားရေကြောင်းဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်အဝှမ်း တရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီ ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်၏။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အခြားအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်၏။

တပ်မတော်(ရေ)အနေဖြင့် စာနာအကူအညီပေးရေးကဏ္ဍတွင်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိ၏။ မျက်မှောက်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့် အတိဒုက္ခ ရောက်ကြရသောပြည်သူလူထုကို ကူညီစောင့်ရှောက်လျက်ရှိ၏။ အထူးသဖြင့် ကမ်းရိုးတန်းနေပြည်သူများပိုမိုခံစားလာရသော မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေး၊ မြေပြိုမှုဘေး၊ ဆူနာမီရေလှိုင်းဘေးတို့မှ သက်သာလွတ်ကင်းရန် ဘက်စုံထောင့်စုံနည်းလမ်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ၏။ တပ်မတော်အကြီးအကဲကလည်း သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုက္ခရောက်နေသောပြည်သူကို စာနာကူညီပေးရန်အတွက် အထောက်ဌာနများ၏ အမိန့်ကိုစောင့်နေစရာမလို၊ အမြန်ဆုံး သွားရောက်အကူအညီပေးရန် လမ်းညွှန်မှာကြားထားပြီးဖြစ်၏။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝ ကျွန်းပေါ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများကို ခေတ်မီရောဂါရှာဖွေရေးပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)တို့မှ ကျွမ်းကျင်ပါရဂူများ၊ ဆရာဝန်၊ သူနာပြုများဖြင့် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိ၏။ ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ဆေးရုံရေယာဉ်များ၏ ဆေးကုသပေးမှုခရီးစဉ် ၃၉ ကြိမ် အတွင်း စုစုပေါင်းအမျိုးသား၊ အမျိုးသမီးလူနာ ၃၆၈၆၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့၏။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားအလွန် ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု တို့ အပြင်းအထန် ထိခိုက်ခံစားခဲ့ကြရ၏။ အဆိုပါ ထိခိုက်ခံစားရသော ဒေသများသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များသည် တပ်မတော် (ကြည်း၊ လေ) တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ NGO၊ INGO အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုကူညီရေးအသင်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့်လက်တွဲ၍ အမြန်ဆုံးသွားရောက်ကာ အင်တိုက် အားတိုက်ဆောင်ရွက်ခဲ့၏။ ဖေးမကူညီခဲ့၏။ နှစ်သိမ့်အားပေးခဲ့၏။

သံတမန်ရေးရာကဏ္ဍသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတပ်များအတွက် အဓိကကျ၏။ နိုင်ငံအချင်းချင်းဖြစ်ပွားနေသော ပဋိပက္ခ အငြင်းပွားမှုများတွင် စစ်ဆင်တိုက်ခိုက်စရာမလိုဘဲ ရေတပ်အင်အား ပြသခြင်းဖြင့် အသာစီးရရှိရန်စွမ်းဆောင်နိုင်၏။ ကမ္ဘာ့သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော အလွန်ထိရောက်အကျိုးရှိသည့် အင်အားပြသမှုလည်းဖြစ်၏။

ယနေ့တပ်မတော်(ရေ)သည် မိမိကမ်းရိုးတန်းကိုသာ ကာကွယ်နိုင်စွမ်းရှိသော Coastal Navy အဆင့်မဟုတ်တော့ဘဲ မိမိတို့၏သီးသန့်စီးပွားရေးဇုန်အထိ ကာကွယ်စောင့်ရှောက်နိုင်သော ရေတပ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၏။ နိုင်ငံတကာရေတပ်အခမ်းအနားများသို့ မိမိတို့၏ စစ်ရေယာဉ်များ စေလွှတ်တက်ရောက်စေခြင်း၊ အပြန်အလှန်လည်ပတ်စေခြင်း၊ အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေတပ်များဖြင့် နီးကပ်စွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သံတမန်ရေးရာကဏ္ဍကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်ခဲ့၏။

ထို့ပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာဆီယံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးပွဲ (ASEAN Navy Chiefs' Meeting-ANCM) များကိုလည်း နှစ်စဉ်ပါဝင်တက်ရောက်၍ သံတမန်ရေးရာကဏ္ဍတွင် လစ်ဟင်းမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၏။ မိမိတို့နိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးရမည့် 9[th] ANCM ကို ၂၀၁၅ ခုနှစ်ကလည်းကောင်း၊ 18[th] ANCM ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလကလည်းကောင်း နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့၏။ တပ်မတော် (ရေ)၏ သံတမန်ရေးရာကဏ္ဍကို ပိုမိုအသက်ဝင်ရှင်သန်စေခဲ့ခြင်းပင်ဖြစ်၏။

မြန်မာ့တပ်မတော်(ရေ)အပါအဝင် နိုင်ငံတကာရေတပ်များသည် ယနေ့ခေတ်ကာလတွင် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရလျက်ရှိ၏။ အကြီးမားဆုံးခြိမ်းခြောက်မှုမှာ သဘာဝဘေးအန္တရာယ်ပင်ဖြစ်၏။ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ပြင်းထန်သည့် မုန်တိုင်းကြီးများ၊ ဆူနာမီရေလှိုင်းများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုများကို ဖြစ်ပေါ်စေပြီး ပင်လယ်ကမ်းရိုးတန်းနေဘဝများကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိ၏။ ထို့ပြင် ပင်လယ်ပြင်ညစ်ညမ်းမှု၊ တရားမဝင်ငါးခိုးဖမ်းမှု၊ သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူမှု၊ ပင်လယ်ပြင်မှ တရားမဝင်မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း သယ်ဆောင်ရောင်းဝယ်မှုများ၊ လူများအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းဝင်ရောက်မှု၊ ပင်လယ်ပြင်အခြေပြုအကြမ်းဖက်တိုက်ခိုက်မှု စသည့် အခြား ခြိမ်းခြောက်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်၏။ ဖြတ်သန်းကျော်လွှားပြီးခဲ့သည့် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို အတွေ့အကြုံကောင်းများ၊ အောင်မြင်မှုအတွက် လေ့ကျင့်ခန်းများအဖြစ် ခံယူလျက် ဆက်လက်ကျော်ဖြတ်သွားရမည်သာဖြစ်၏။

ယနေ့တပ်မတော်(ရေ)သည် အထက်ပါခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများအပြင် ပြည်တွင်းအကြမ်းဖက်ဆူပူသောင်းကျန်းမှုများကိုလည်း ရင်ဆိုင်နိုမ်နင်းလျက်ရှိ၏။ အဆိုပါအခက်အခဲ၊ အကျပ်အတည်းများအကြားမှ ရရှိနိုင်သမျှသောအရင်းအမြစ် (Resource) များကို အပြည့်အဝ စုစည်းအသုံးချ၍ ဉာဏ်ရည်တု (Artificial Intelligence-AI) ကဲ့သို့သော အဆင့်မြင့်နည်းပညာများ ပေါင်းစပ်အသုံးချကာ သုတေသနပြု တီထွင်ထုတ်လုပ်ကြိုးစားမှုများကြောင့် အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနေရပြီဖြစ်၏။ အဆိုပါအောင်မြင်မှုများက တပ်မတော်(ရေ)ရှိ **"တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား"**ကို ဆပွားတိုးတက်စေမည်ဖြစ်၏။

သို့ဖြစ်၍ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန် သုံးရပ်နှင့် စစ်ဆင်မှုနယ်ပယ်လေးရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်သော၊ သမိုင်းအစဉ်အလာကောင်းများကို ပိုမိုမြင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးက အားထားရသော တပ်မတော်(ရေ)အဖြစ် အရည်အချင်းပြည့် အရာရှိ စစ်သည်များနှင့်အတူ **"တွဲလက်ညီညီ ရှေ့သို့ချီ၊ အောင်လံလွှင့်ဝေ တပ်မတော်(ရေ)"** ဖြစ်ပါစေကြောင်း (၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

## (၇၈) နှစ်မြောက် တပ်မတော်(ရေ)နေ့သို့ ဂုဏ်ပြုခြင်း

- တောတောင်ရေမြေ
လှိုင်းကြမ်းတွေကြား
မနေအပ်အားလည်း
ပေးအပ်တာဝန်
တို့ကျေပွန်မှ
မြန်မာ့သားကောင်း
သရဖူဆောင်း၏။

- ရန်သူ့နယ်မြေ
တို့ရှာဖွေကာ
ခိုနေပုန်းအောင်း
နေသော်ငြားလည်း
ထောင်းထောင်းကြေလျက်
ချေမှုန်းလျက်ပင်
တို့တာဝန်။

- တို့၊ ရေ၊ လေ၊ မြေ
ကာကွယ်နေ၍
မသွေထမ်းရွက်
ရှေ့သို့ဆက်လှမ်း
ပြည်တော်တစ်ခွင်
တင့်ရှုန်းသာယာ
လဝန်းပမာတည့်။

- တို့သက်ချွေးသွေး
တိုင်းပြည်ရေးမို့
မနေးထမ်းရွက်
ပြည်သူ့တွက်လည်း
ရှေ့သို့ချီကာ
ရေတပ်မဟာသည်။


- တို့ရဲ့မဟာမြေ
တို့ရေတပ်သား
မနေအားလပ်
အထပ်ထပ်ချေမှုန်း
ကမ္ဘာဆုံးတိုင်
တိုင်းပြည်ကောင်းကျိုး
တို့ထမ်းဆောင်ရွက်
သစ္စာတည်လျက်ရှိစေမည်။ ။

မျိုးဝင်းမောင်(အဖျောက်ရွှေမြေ)

စာအုပ်စာပေ လူ့မိတ်ဆွေ

## နိုင်ငံတကာ သတင်းများ

# ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေး အမြန်ဆုံးရယူရန် တရုတ်အထူးသံတမန် တိုက်တွန်း



**ဖနံပင် ဒီဇင်ဘာ ၂၃**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အတွက် အဓိကလုပ်ငန်းတာဝန်မှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် ပဋိပက္ခများရပ်ဆိုင်း၍ နယ်စပ်အငြင်းပွားမှုများကို အမြန်ဆုံး ငြိမ်းချမ်းစွာ အဖြေရှာရေးဖြစ်သည်ဟု တရုတ်အစိုးရ၏ အာရှရေးရာ အထူးသံတမန် တိန်ရှီးကျွမ်းက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ပဋိပက္ခများ အဆုံးသတ်ရေးအတွက် အာဆီယံအဖွဲ့၏ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အားပေးထောက်ခံကြောင်း အာရှရေးရာ အထူးသံတမန် တိန်ရှီးကျွမ်းက ပြောကြားခဲ့သည်။

ထို့ပြင် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ဆွေးနွေးပွဲများဖြစ်မြောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်လည်း တရုတ်နိုင်ငံကဆန္ဒရှိကြောင်း အာရှရေးရာ အထူးသံတမန် တိန်ရှီးကျွမ်းက ကမ်းလှမ်းထားသည်။

တရုတ်အစိုးရ၏ အာရှရေးရာ အထူးသံတမန်သည် ပြီးခဲ့သည့်ရက်များအတွင်းက ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံလုံးသို့ သွားရောက်၍ နှစ်နိုင်ငံကြား လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများ ပြီးဆုံးရေးအတွက် ကြားဝင်ညှိနှိုင်းပေးရန် ကြိုးစားခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ဒီဇင်ဘာ ၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သော နယ်စပ်ပဋိပက္ခများမှာ လက်ရှိချိန်ထိ ဖြစ်ပွားနေဆဲဖြစ်သည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူနိုင်ရေးအတွက် နယ်စပ်ကော်မတီများအဆင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းနိုင်ငံ အနောက်ပိုင်းဒေသများကို ရုရှားတပ်မတော် တိုက်ခိုက်

**ကီယက်ဗ် ဒီဇင်ဘာ ၂၃**

ရုရှားတပ်မတော်သည် ယနေ့တွင် ယူကရိန်းနိုင်ငံအနောက်ပိုင်းဒေသများကို ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ တိုက်ခိုက်မှုကြောင့် ယူကရိန်းအနောက်ပိုင်းရှိ စွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများ အဆိုးရွားဆုံး ထိခိုက်ခဲ့ရကြောင်း ယူကရိန်းအာဏာပိုင်များက ပြောကြားထားသည်။

လေးနှစ်နီးပါးကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ရုရှားနိုင်ငံ ကိုယ်စားလှယ်များနှင့် အမေရိကန်နိုင်ငံ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး ရက်ပိုင်းအတွင်းမှာပင် ယူကရိန်းအနောက်ပိုင်းကို ရုရှားတပ်မတော်က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားတပ်မတော်သည် ဒုံးကျည်အစင်း ၃၀ ကျော်၊ မောင်းသူမဲ့ဒရုန်းယာဉ် ၆၅၀ တို့ကိုသုံး၍ ယူကရိန်းအနောက်ပိုင်း ဒေသများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ ယူကရိန်းငြိမ်းချမ်းရေး အစီအစဉ်ပါ အဆိုပြုချက်များနှင့် ပတ်သက်၍ အလျှော့အတင်း ပြုလုပ်ရန်ကြိုးစားနေပြီး တစ်ဖက်တွင်လည်း ယူကရိန်းနိုင်ငံရေးကို စစ်ရေးအရ ဖိအားပေးမှု မြှင့်တင်လျက်ရှိသည်။

လက်ရှိတွင် ရုရှားတပ်များသည် ယူကရိန်းနိုင်ငံ၏ အကျယ်အဝန်း ၂၀ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# နိုင်ဂျီးရီးယားဝေဟင်၌ လေယာဉ်များဖြင့် သတင်းစုဆောင်းထောက်လှမ်းမှု အမေရိကန် ပြုလုပ်



**နယူးယောက် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံသည် ယခုနှစ် နိုဝင်ဘာလကုန်ပိုင်းမှစ၍ နိုင်ဂျီးရီးယားဝေဟင်၌ လေကြောင်းဖြင့် ထောက်လှမ်းရေးသတင်းစုဆောင်းမှုများပြုလုပ်နေသည်ဟု ဒီဇင်ဘာ ၂၂ ရက် သတင်းများတွင် ရေးသားထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယား ဝေဟင်၌ အမေရိကန်နိုင်ငံက လေကြောင်းမှ တစ်ဆင့် ထောက်လှမ်းရေးသတင်းများ စုဆောင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာသည့် သဘောကို ပြသနေကြောင်း လေ့လာသူများက သုံးသပ်သည်။

နိုင်ဂျီးရီးယား ခရစ်ယာန်ဘာသာဝင်များ တိုက်ခိုက်ခံရမှုပြဿနာကို နိုင်ဂျီးရီးယားအစိုးရက မဖြေရှင်းနိုင်ခဲ့ပါက စစ်ရေးအရ ကြားဝင်ရနိုင်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နိုဝင်ဘာလအတွင်း သတိပေးထားသည်။

လေကြောင်းခရီးစဉ် ခြေရာခံစောင့်ကြည့်ရေး ဝက်ဘ်ဆိုက်များ၏အဆိုအရ နိုင်ဂျီးရီးယားဝေဟင်၌ ထောက်လှမ်းရေးသတင်းစုဆောင်းရာတွင် အမေရိကန်အစိုးရသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှ လေယာဉ်များကို အသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။

ဝေဟင်သတင်း ထောက်လှမ်းရေးလုပ်ငန်းများ၌ ပါဝင်နေသောယင်း အမေရိကန်လေယာဉ်များသည် ဂါနာနိုင်ငံမှတစ်ဆင့် ပျံတက်လာတတ်ကြောင်း လေယာဉ်ခရီးစဉ်စောင့်ကြည့်ရေး ဝက်ဘ်ဆိုက်များ၌ ဖော်ပြထားသည်။

သို့ရာတွင် ဂါနာနိုင်ငံ၌ ဝေဟင်သတင်း ထောက်လှမ်းရေးလေယာဉ်မည်မျှ ရောက်ရှိနေသည်ကို ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်စစ်ဘက်၏ မြေအောက်ဒုံးပစ်ကျင်းများ၌ တိုက်ချင်းပစ်ဒုံးကျည် အစင်း ၁၀၀ ကျော် တပ်ဆင်ထားဖွယ်ရှိဟု အမေရိကန် သတင်းထုတ်ပြန်

**ပေကျင်း ဒီဇင်ဘာ ၂၃**

တရုတ်တပ်မတော် အနေဖြင့် ၎င်းတို့ နောက်ဆုံးတည်ဆောက်ထားသော မြေအောက်ဒုံးပစ်ကျင်းများ၌ တိုက်ချင်းပစ်ဒုံးကျည် အစင်း ၁၀၀ ကျော် ထည့်သွင်းတပ်ဆင်ထားဖွယ်ရှိသည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ အနေဖြင့် မွန်ဂိုလီးယားနိုင်ငံ နယ်စပ်အနီးရှိ အသစ် တည်ဆောက်ထားသော မြေအောက် ဒုံးပစ်ကျင်းနယ်မြေသုံးခုတွင် တုန်ဖန်း-၃၁ အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည် အစင်း ၁၀၀ ကျော် ထည့်သွင်းတပ်ဆင်ထားဖွယ်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ယခင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများ၌ မွန်ဂိုလီးယားနယ်စပ်အနီး မြေအောက်ဒုံးပစ်ကျင်း နယ်မြေသစ်သုံးခု တည်ရှိမှုကို အတည်ပြုထားသော်လည်း ထည့်သွင်း တပ်ဆင်ထားသည့် တိုက်ချင်းပစ်ဒုံးကျည် အရေအတွက်ကို ဖော်ပြခဲ့ခြင်းမရှိကြောင်း သိရသည်။



သို့ရာတွင်အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၂၂ ရက် သတင်းထုတ်ပြန်ချက်ကို တရုတ်အစိုးရက ပယ်ချထားပြီး အမေရိကန်နိုင်ငံအနေဖြင့် မိမိ၏ နျူကလီးယားဖျက်သိမ်းရေး ကတိကဝတ်များကို အပြည့်အဝဖော်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

အမေရိကန် နိုင်ငံသည် နျူကလီးယား လက်နက်အရေအတွက် ၅၀၀၀ ကျော်ထိ ပိုင်ဆိုင်ထားသည့် နျူကလီးယားအင်အားကြီးနိုင်ငံဖြစ်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် နောက်ပိုင်းတွင် နျူကလီးယားလက်နက် အနည်းဆုံး ၆၀၀ ပိုင်ဆိုင်ထားပြီး ၂၀၃၀ ပြည့်နှစ်သို့အရောက်တွင် ၁၀၀၀ ကျော်ထိ ရှိလာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဒစ်ဝါဆိုင်ကလုန်းမုန်တိုင်းကြောင့် သီရိလင်္ကာနိုင်ငံအတွက် ရုပ်ပိုင်းဆိုင်ရာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ရှိနိုင်

**ကိုလံဘို ဒီဇင်ဘာ ၂၃**

ပြီးခဲ့သည့် လအတွင်းက တိုက်ခတ်ခဲ့သော ဒစ်ဝါဆိုင်ကလုန်းမုန်တိုင်းကြောင့် သီရိလင်္ကာနိုင်ငံအတွက် ရုပ်ပိုင်းဆိုင်ရာပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံထိ ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ခန့်မှန်းထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒစ်ဝါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် သီရိလင်္ကာနိုင်ငံ၌ လူဦးရေ ၆၄၀ ကျော် သေဆုံးခဲ့ပြီး နိုင်ငံ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ သဘာဝကပ်ဘေးများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဒစ်ဝါ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သီရိလင်္ကာနိုင်ငံအတွက် လမ်း၊ တံတားအစရှိသည့် အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃၅ ဘီလီယံထိ ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကြေညာချက်တွင် ဖော်ပြထားသည်။

အလားတူ ဒစ်ဝါဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနေအိမ်ဆုံးရှုံးမှုတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၉၈၅ သန်းထိ ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ထို့ပြင် အဓိကမြစ်ကြောင်းကြီးများတစ်လျှောက် တည်ရှိသည့် စာသင်ကျောင်းနှင့် ဆေးရုံကဲ့သို့ အခြား အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၅၆၂ သန်းထိ ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ အဆိုအရ သိရသည်။


သီရိလင်္ကာနိုင်ငံ အနေဖြင့် နှစ်ပေါင်း ၇၀ အတွင်း အပြင်းထန်ဆုံး ဘဏ္ဍာရေးကပ်ဘေးမှ ပြန်လည် နာလန်ထူစရှိလာချိန်မှာပင် ဒစ်ဝါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပတ်ကားနေလေ့လာရေးအာကာသယာဉ်က နေဆီသို့ပြန်လည်ဦးလှည့်သွားသော စွမ်းအင်ဆောင်အမှုန်စီးကြောင်းများကို ဓာတ်ပုံရိုက်ကူးလေ့လာနိုင်ခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ပတ်ကားနေလေ့လာရေး အာကာသယာဉ်သည် နေဆီသို့ ပြန်လည်ဦးလှည့်သွားသော စွမ်းအင်ဆောင် အမှုန်စီးကြောင်းများကို ဓာတ်ပုံရိုက်ကူး လေ့လာနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

နေမှလွှတ်ထွက်လာပြီး နေဆီသို့ ပြန်လည်ဦးလှည့်သွားသော စွမ်းအင်ဆောင် အမှုန်စီးကြောင်းများကို လေ့လာနိုင်ခြင်းဖြင့် အာကာသရာသီဥတုအခြေအနေများကို ကြိုတင်ခန့်မှန်းရာတွင် အထောက်အကူ ပြုနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ နောက်ကြောင်းပြန် စွမ်းအင်ဆောင်အမှုန်စီးကြောင်းကို ၂၀၂၄ ခုနှစ် ခရစ္စမတ်ကာလအတွင်း နေကိုအနီးကပ်ဖြတ်ကျော်ဖြတ်သန်းစဉ်ပတ်ကားနေလေ့လာရေးအာကာသယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

ပတ်ကား နေလေ့လာရေး အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ခရစ္စမတ်အကြိုနေ့တွင် နေမျက်နှာပြင်ကို မိုင်ပေါင်း ၃ ဒသမ ၈ သန်း အကွာမှတစ်ဆင့် ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် ပတ်ကား နေလေ့လာရေး အာကာသယာဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် နေ၏အပြင် လေထုလွှာကို ဖြတ်သန်းဝင်ရောက်ခဲ့ဖူးသည့် ပထမဆုံး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၂၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုကို လောင်းမတ်ချ်-၅ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၅ ဒုံးပျံသည် ၎င်းနည်းပညာ စမ်းသပ်ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာတင်ပို့နိုင်ခဲ့သည်။



၎င်းဂြိုဟ်တုသည် လိုင်းစုံမြန်နှုန်းမြင့် ဆက်သွယ်ရေးနည်းပညာများကို ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ စမ်းသပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဒီဇင်ဘာ ၂၀ ရက်မစ်ရှင်သည် တရုတ် အမျိုးသားအာကာသအေဂျင်စီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၈၈ ကြိမ်မြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် လောင်းမတ်ချ် ဒုံးပျံများ၏ ၆၁၈ ကြိမ်မြောက် မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## NS 37 မစ်ရှင်ဖြင့် ပုဂ္ဂလိကအာကာသယာဉ်မှူး ခြောက်ဦး လိုက်ပါသွားသော New Shepard ဒုံးပျံကို ဘလူးအော်ရီဂျင်ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် NS 37 မစ်ရှင်ဖြင့် အာကာသယာဉ်မှူး ခြောက်ဦး လိုက်ပါသွားသည့် New Shepard ဒုံးပျံကို ဒီဇင်ဘာ ၂၀ ရက် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

New Shepard ဒုံးပျံဖြင့်လိုက်ပါသွားသည့် ပုဂ္ဂလိကအာကာသယာဉ်မှူးခြောက်ဦးအနက် မီချီဘန်းသားယပ်စ်အမည်ရှိ အမျိုးသမီး အာကာသအင်ဂျင်နီယာမှာ ဘီးတပ်ကုလားထိုင် သုံးစွဲနေရသည့် မသန်စွမ်းတစ်ဦး ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard ဒုံးပျံကို မူလက ဒီဇင်ဘာ ၁၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း မလွှတ်တင်မီ စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်ချက်ကြောင့် ဒီဇင်ဘာ ၂၀ ရက်မှ လွှတ်တင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် New Shepard ဒုံးပျံသည် ပုဂ္ဂလိကအာကာသယာဉ်မှူး ခြောက်ဦးကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်တွင်ရှိသော အာကာသ ဟင်းလင်းပြင် အနားစပ်နယ်မြေသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ New Shepard ဒုံးပျံလွှတ်တင်ချိန်မှစ၍ မြေပြင်ပြန်လည်ဆင်းသက်ချိန်ထိ ၁၀ မိနစ်မှ ၁၂ မိနစ်ထိသာ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် NS 37 မစ်ရှင်ဖြင့် လက်ရှိအချိန်ထိ ၃၇ ကြိမ် လွှတ်တင်ခဲ့ရာ ၁၇ ကြိမ်မှာ ပုဂ္ဂလိကအာကာသယာဉ်မှူးများ လိုက်ပါသည့် မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# H E A L T H

## အချိုရည်များတွင် ထည့်သွင်းအသုံးပြုထားသည့် သကြားအစားထိုးပစ္စည်းကြောင့် နှလုံးနှင့် ဦးနှောက်ထိခိုက်ပျက်စီးနိုင်ခြေ မြင့်တက်လာနိုင်

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

Diet Coke နှင့် Pepsi Max ကဲ့သို့ အချိုရည်များတွင် ထည့်သွင်းအသုံးပြုသည့် သကြားအစားထိုးပစ္စည်းများကြောင့် နှလုံးနှင့် ဦးနှောက်ထိခိုက်ပျက်စီးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အထက်ပါအချိုရည်များတွင် ထည့်သွင်းအသုံးပြုသည့် Aspartame ခေါ် သကြား အစားထိုး ဓာတုပစ္စည်းသည် ဦးနှောက်၏ သက်တမ်းကို အိုမင်းလာစေနိုင်ပြီး နှလုံးတစ်ရှူးများကို မာကျောလာစေနိုင်ကြောင်း စပိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Aspartame ဓာတုပစ္စည်းစားသုံးမှု မြင့်မားပါက နှလုံးကြွက်သားတစ်ရှူးများ မာကျောလာနိုင်ခြေမှာ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းမြင့်တက်လာသည်ကို တွေ့ရကြောင်း၊ ဦးနှောက်၏သက်တမ်းသည်လည်း ပို၍အိုမင်းလာနိုင်ကြောင်း၊ ကြွက်များ၏ကိုယ်တွင်း အဆီစုစည်းမှုကို လျှော့ချရာတွင် အထောက်အကူပြုသော်လည်း အခြားကိုယ်တွင်းအင်္ဂါများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အသက် ၅၀ နှင့်အထက်ရှိသူများ၏ အရိုးကျန်းမာရေးအတွက် ကယ်လ်စီယမ်နှင့် ဗီတာမင်-ဒီ အဆင့်မြှင့်တင်ရန်လို

**နယူးယောက် ဒီဇင်ဘာ ၂၃**

အသက် ၅၀ နှင့်အထက်ရှိသူများ၏ အရိုးကျန်းမာရေးအတွက် ကယ်လ်စီယမ်နှင့် ဗီတာမင်-ဒီ အဆင့်မြှင့်တင်ရေးမှာ အထူးအရေးကြီးကြောင်း သုတေသနပညာရှင်၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သုတေသနပညာရှင်များ၏ အဆိုအရ အမျိုးသမီးများသည် ဓမ္မတာရာသီကုန်ဆုံးချိန်နှင့် ကုန်ဆုံးပြီးကာလ ငါးနှစ်အတွင်း နှစ်စဉ် အရိုးထုထည် သုံးရာခိုင်နှုန်းခန့် ဆုံးရှုံးလေ့ရှိပြီး အမျိုးသားများသည်လည်း အသက် ၅၀ ခန့်မှစ၍ နှစ်စဉ် အရိုးထုသည် တစ်ရာခိုင်နှုန်းခန့်ဆုံးရှုံးလေ့ရှိသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အသက်အရွယ်ရလာသူများ၌ အရိုးကျန်းမာရေးကို ထိန်းထားနိုင်ရေးအတွက် ကယ်လ်စီယမ်နှင့် ဗီတာမင်-ဒီ ပါဝင်မှုအဆင့်ကို မြှင့်တင်ပေးရန်လိုကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၅၀ နှစ်အထက် အမျိုးသမီးများနှင့် အသက် ၇၀ နှစ်အထက် အမျိုးသားများအနေဖြင့် အရိုးကျန်းမာရေးကိုထိန်းထားနိုင်ရေးအတွက် နေ့စဉ် ကယ်လ်စီယမ် ၁၂၀၀ မီလီဂရမ် စားသုံးရန်လိုကြောင်း၊ အရိုးကျန်းမာရေးအတွက် ဗီတာမင်- ဒီ ၁၅ မိုက်ခရိုဂရမ်ကို နေ့စဉ် စားသုံးရန်လိုကြောင်း သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# စပါးအသင်း၏ ကမ်းလှမ်းမှုကို ဘုန်းမောက်တိုက်စစ်မှူး ဆီမီညို ပယ်ချ

**လန်ဒန် ဒီဇင်ဘာ ၂၃**

ဘုန်းမောက်အသင်း တိုက်စစ်မှူး ဆီမီညိုက စပါးအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီး မန်ချက်စတာ မြို့ခံနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းမှ တစ်သင်းသို့သာ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဆီမီညိုသည် ၂၀၂၂ ခုနှစ်က ဘရစ္စတိုးစီးတီးအသင်းမှ ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကစ၍ ဘုန်းမောက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့သဖြင့် ယခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက လီဗာပူးအသင်းအပါအဝင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း ဆီမီညိုက အသင်းတွင် ဆက်ကစားရန်သာ ဆုံးဖြတ်ခဲ့သည်။

ဆီမီညိုသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘုန်းမောက်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနေသည့်အတွက် မန်စီးတီးအသင်း၊ မန်ယူအသင်း၊ စပါးအသင်းတို့က ခေါ်ယူရန် ပြင်ဆင်နေပြီး စပါးအသင်း၏ ကမ်းလှမ်းမှုကို ဆီမီညိုကိုယ်တိုင်က ပယ်ချကာ မန်ချက်စတာမြို့ခံနှစ်သင်းမှ တစ်သင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့သည်။

ဆီမီညိုသည် ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိသေးသော်လည်း စာချုပ်ပါအချက်အလက်များအရ လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၆၅ သန်းသာ သတ်မှတ်ထားသည့်အတွက် မန်ချက်စတာ မြို့ခံနှစ်သင်းကလည်း စာချုပ်ဖျက်သိမ်းကြေးပေးချေပြီး အပြိုင်ခေါ်ယူရန် ပြင်ဆင်ထားခြင်းဖြစ်သည်။

ဆီမီညိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဘုန်းမောက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၇ ပွဲ၌ သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

Ref : One Football

Trs : STA



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက ကွင်းလယ်ပိုင်းတွင် ဖာနန်ဒက်၊ ကိုဘီမိုင်နူး၊ ကက်စမဲရိုးတို့၏ အနာဂတ်မရေရာမှုကြောင့် ကွင်းလယ်ကစားသမားသစ် နှစ်ဦး ထပ်မံခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အန်းဒရစ်ကို လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းက ဘောလုံးရာသီကုန်ထိ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်သော်လည်း အပြီးသတ် ဝယ်ယူခွင့်မပါရှိပါက ကစားသမား၏ လုပ်ခလစာ ၅၀ ရာခိုင်နှုန်းကို လိုင်ယွန်အသင်းက ပေးချေနိုင်မည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်း တိုက်စစ်မှူးလီဝင်ဒေါ်စကီးကို မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်းက အေစီမီလန်အသင်းနှင့် အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။ ML

# ၂၀၂၅ ခုနှစ် စူပါကိုပါဖလား ချန်ပီယံဆုကို နာပိုလီအသင်း ဆွတ်ခူး

**ရီယာ့ဒ် ဒီဇင်ဘာ ၂၃**



၂၀၂၅ ခုနှစ် စူပါကိုပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် နာပိုလီအသင်းနှင့် ဘိုလော့နာအသင်းတို့ ကစားခဲ့ရာ နာပိုလီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် နာပိုလီအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ပွဲကစားချိန် ၃၉ မိနစ်တွင် နီရက်စ်က ဦးဆောင်ဂိုး သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် ဘိုလော့နာအသင်းက လူစားလဲမှုများပြုလုပ်၍ တိုက်စစ် မြှင့်တင်ခဲ့သော်လည်း နာပိုလီအသင်းခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ပွဲကစားချိန် ၅၇ မိနစ်တွင် နီရက်စ်က ဒုတိယသွင်းဂိုးကို ထပ်မံသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ဘိုလော့နာအသင်းက ချေပဂိုး သွင်းယူနိုင်ခြင်းမရှိသောကြောင့် နာပိုလီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

နာပိုလီအသင်းသည် စူပါကိုပါဖလားဗိုလ်လုပွဲစဉ်ကို ယခုတစ်ကြိမ်အပါအဝင် ခြောက်ကြိမ်တက်ရောက်ခဲ့ရာတွင် ချန်ပီယံဆု သုံးကြိမ်ထိ ဆွတ်ခူးခဲ့ပြီး ၂၀၁၄- ၂၀၁၅ ဘောလုံးရာသီက နောက်ဆုံးအကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# အာရှဘောလုံးအဖွဲ့ချုပ်က အာရှနေးရှင်းလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၃**

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က အာရှဒေသတွင်း အသင်းများ အဆင့်အတန်း ပိုမိုမြင့်မားစေရန်အတွက် အာရှနေးရှင်းလိဂ် ပြိုင်ပွဲသစ်ကို ပထမဆုံးအကြိမ် ကျင်းပသွားမည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)က ကြီးမှူးပြီး အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲအဖြစ် အာရှဖလားပြိုင်ပွဲကို ကျင်းပနေခြင်းဖြစ်ပြီး မကြာမီ အာရှဖလားအပြင် အာရှနေးရှင်းလိဂ်ပြိုင်ပွဲကိုပါ ကျင်းပရန် ပြင်ဆင်နေသည်။

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က အာရှနေးရှင်းလိဂ် ပြိုင်ပွဲကို ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကဲ့သို့ ကျင်းပရန် ပြင်ဆင်နေပြီး ပွဲစဉ်များကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာပွဲစဉ်ကာလများတွင် ကျင်းပရန်အတွက် စီစဉ်နေခြင်းဖြစ်သည်။

အာရှနေးရှင်းလိဂ်ပြိုင်ပွဲကို အာရှဒေသတွင်းမှ အသင်းများအားလုံး ပါဝင်နိုင်မည်ဖြစ်ပြီး ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကဲ့သို့ အဆင့်ရပ်တည်မှု သတ်မှတ်ချက်အလိုက် အဆင့်(A)၊ အဆင့်(B)၊ အဆင့်(C)၊ အဆင့်(D)ဟူ၍ခွဲခြားပြီး တန်းဆင်း၊ တန်းတက်စနစ်ဖြင့် ကျင်းပရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ အဆင့်သတ်မှတ်များအရ မြန်မာ့လက်ရွေးစင်အသင်းသည် အဆင့်(C)တွင် ပါဝင်လျက်ရှိသည်။

အာရှ ဘောလုံးအဖွဲ့ချုပ်က အာရှနေးရှင်းလိဂ် ပြိုင်ပွဲသစ်ကို ကျင်းပရန် ကြေညာထားသော်လည်း ကျင်းပမည့်ပြိုင်ပွဲပုံစံနှင့် အချိန်ဇယားများကို သက်ဆိုင်ရာ နိုင်ငံများမှ အဖွဲ့ချုပ်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ပြီး အတည်ပြု ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ချီလီနံပါတ်(၁) ဂေါက်သီးရိုက်ကစားသမား ပါရဲရားက ကစားသမားဘဝမှ အနားယူမည်ဟု ကြေညာ

**ဆန်တီယာဂို ဒီဇင်ဘာ ၂၃**

ချီလီနံပါတ်(၁) ဂေါက်သီးရိုက်ကစားသမားအဖြစ် ကာလရှည်ရပ်တည်နိုင်ခဲ့သူ ပါရဲရားသည် ကစားသမားဘဝမှ အနားယူမည်ဟု ကြေညာခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ ပါရဲရားသည် ၂၀၂၃ ခုနှစ်တွင် PGA Tour မှ ရွှေ့ပြောင်းကာ LIV Golf အဖွဲ့ချုပ်တွင် ကစားနေသူဖြစ်သည်။

LIV Golf အဖွဲ့ချုပ်တွင် သုံးရာသီကစားခဲ့ပြီးနောက် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ပြီး လူနေမှုဘဝ ပြောင်းလဲရေးအတွက် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ပါရဲရားသည် ပြီးခဲ့သည့်ရက်သတ္တ သုံးပတ်ကတည်းက အနားယူမည့်ကိစ္စကို ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ယနေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ အနားယူမည့်အကြောင်းကို တရားဝင် ပြောကြားခဲ့သည်။

ပါရဲရားက “ဂေါက်သီးရိုက်အားကစားဟာ အရမ်းကိုလှပတဲ့ အားကစားနည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂေါက်သီးရိုက်ကစားသမားဘဝမှာ ကျင်လည်ခွင့်ရခဲ့တာကို ဝမ်းမြောက်ဂုဏ်ယူပါတယ်။ အခုတော့ လူနေမှုဘဝကို ပြောင်းလဲဖို့အတွက် ကစားသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်လိုက်တာပါ။ ကျွန်တော့်အတွက် ဝမ်းနည်းစရာကောင်းတဲ့ နေ့ဖြစ်သလို ဒီဆုံးဖြတ်ချက်ကို ချမှတ်ဖို့အတွက်လဲ စဉ်းစားခဲ့ရတယ်။ အနားယူဖို့ပြင်ဆင်နေတာ လွန်ခဲ့တဲ့ သုံးပတ်လောက်ကတည်းကပါ။ ဒီနေ့မှပဲ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။ ကစားသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်လိုက်ပြီ ဖြစ်တဲ့အတွက် မကြာခင် ချီလီနိုင်ငံကို ပြန်ပါတော့မယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# Sherdog's 2025 Male of the Year ဆုကို ဂျိုရှုအာဗန် ဆွတ်ခူး



**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနွယ်ဖွား UFC ဖလိုင်းဝိတ်တန်းချန်ပီယံ ဂျိုရှုအာဗန်သည် Sherdog ဝက်ဘ်ဆိုက်က ပေးအပ်ချီးမြှင့်သည့် Sherdog's 2025 Male of the Year ဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဂျိုရှုအာဗန်သည် Fury ပြိုင်ပွဲတွင် နိုင်ပွဲများရရှိခဲ့ကာ UFC နှင့် စာချုပ်ချုပ်ဆိုပြီးပြိုင်ပွဲများ ဝင်ရောက်ထိုးသတ်ခဲ့ရာတွင် အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့ပြီးနောက် လက်ရှိတွင် UFC ဖလိုင်းဝိတ်တန်းတွင်ချန်ပီယံခါးပတ်ဆွတ်ခူးနိုင်သည်ထိ အောင်မြင်မှုများ ရယူခဲ့သည်။

Sherdog's 2025 Male of the Year ဆုသည် Sherdog ဝက်ဘ်ဆိုက်က နှစ်စဉ် စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်သည့် ဆုတစ်ခုဖြစ်၍ UFC ဖိုက်တာများအတွက် အထင်ကရဆုများမှ တစ်ခုအပါအဝင်ဖြစ်ပြီး တစ်နှစ်အတွင်း အကောင်းဆုံးပွဲစဉ်ဆုလည်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ယခုနှစ်အတွင်း UFC ပြိုင်ပွဲများတွင် လေးပွဲ ထိုးသတ်ခဲ့ရာ လေးပွဲလုံး အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့သည့်အတွက် Sherdog's 2025 Male of the Year ဆုကို ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟု Sherdog ဝက်ဘ်ဆိုက်က ထုတ်ပြန်ခဲ့သည်။

ဂျိုရှုအာဗန်သည် Sherdog's 2025 Male of the Year ဆုကို ပြီးခဲ့သည့် UFC 317 ပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ ဘရန်ဒန်နှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်ဖြင့် ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**

# တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် အသက် ၁၈ နှစ်ရှိ အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

**နယူးယောက် ဒီဇင်ဘာ ၂၃**

အသက် ၁၈ နှစ်သာရှိသေးသည့် အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာကို တားမြစ်ဆေးဝါးသုံးစွဲထားမှု စစ်ဆေးတွေ့ရှိခဲ့သဖြင့် ယာယီ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း International Tennis Integrity Agency (ITIA) က ကြေညာခဲ့သည်ဟု talkSport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ဆီကာသည် ပြီးခဲ့သည့် နိုဝင်ဘာလက အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် ကျင်းပခဲ့သည့် ITF World Tour တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ် တားမြစ်ဆေးဝါးသုံးစွဲမှု စစ်ဆေးခြင်းခံယူခဲ့ကာ ဆေးစစ်ချက်ရလဒ် ထွက်ပေါ်လာခဲ့ပြီးနောက် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

Sample A ကို အောက်တိုဘာလက စစ်ဆေးခံခြင်းဖြစ်ပြီး Sample B ကိုလည်း ထပ်မံစစ်ဆေးခဲ့သည်။

တားမြစ်ဆေးဝါး သုံးစွဲထားသည်ကို တွေ့ရှိခဲ့သော်လည်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်၍ ယာယီပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယာယီ ပွဲပယ်ပြစ်ဒဏ်သည် နိုဝင်ဘာ ၂၁ ရက်မှ စတင်အကျုံးဝင်မည်ဖြစ်ပြီး ဂျက်ဆီကာအနေဖြင့် စည်းမျဉ်းဥပဒေများအရ အယူခံဝင်ခွင့်ရှိကြောင်းလည်း သိရသည်။

International Tennis Integrity Agency (ITIA) က "ဂျက်ဆီကာဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက စစ်ဆေးထားတဲ့ ဆေးစစ်ချက်ရလဒ်အရ တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ စတီးရွိုက်အမျိုးအစားဖြစ်တဲ့ တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေထပ်မံပြုလုပ်သွားမှာလဲ ဖြစ်ပါတယ်။ တားမြစ်ဆေးဝါး သုံးစွဲမှုကြောင့် ယာယီပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ပါတယ်။ ပြစ်ဒဏ်ကတော့ နိုဝင်ဘာ ၂၁ ရက်ကနေ စတင်ပြီးတော့ အကျုံးဝင်မှာဖြစ်ပါတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး ကစားသမားအနေနဲ့ အယူခံဝင်ခွင့်ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : talkSport**

**Trs : AZL**

# WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် ရှီရက်ဇ်နှင့် ပါချီကိုတို့ ထိုးသတ်ရန် WBO အဖွဲ့ချုပ်စီစဉ်

**ဆန်ဂျူအန် ဒီဇင်ဘာ ၂၃**

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (WBO)က စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ဗြိတိန်လက်ဝှေ့သမား ရှီရက်ဇ်နှင့် အမေရိကန်လက်ဝှေ့သမား ပါချီကိုတို့ကို ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



လက်ရှိချန်ပီယံဖြစ်သူ ခရောဖို့ဒ်သည် လက်ဝှေ့လောကမှ အနားယူခဲ့သဖြင့် လစ်လပ်နေသည့် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ချန်ပီယံစိန်ခေါ်ခွင့်ရထားသည့် ရှီရက်ဇ်နှင့် ပါချီကိုတို့ကို ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ရှုံးပွဲမရှိစံချိန်ဖြင့် မတူညီသော ဝိတ်တန်းသုံးခု၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် ခရောဖို့ဒ်သည် ထင်မှတ်မထားဘဲ ရုတ်တရက် လက်ဝှေ့လောကမှ အနားယူခဲ့ခြင်းဖြစ်သည်။

WBO အဖွဲ့ချုပ်က လစ်လပ်နေသည့် ကမ္ဘာ့ချန်ပီယံနေရာအတွက် ရှီရက်ဇ်နှင့် ပါချီကိုတို့ကို ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသကဲ့သို့ WBC အဖွဲ့ချုပ်ကလည်း ခရောဖို့ဒ်နေရာအတွက် ရှီရက်ဇ်ကို စိန်ခေါ်ခွင့်ရှိသူနှင့် ထိုးသတ်ရန် စီစဉ်ထားသည်။

ရှီရက်ဇ်အတွက် ရွေးချယ်စရာနှစ်ခုရှိနေပြီး ရှီရက်ဇ်သည် WBO ခါးပတ်အတွက် ထိုးသတ်သွားဖွယ်ရှိနေသကဲ့သို့ WBO အဖွဲ့ချုပ်ကလည်း ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ပွဲထိုးသတ်ရန် ဆွေးနွေးညှိနှိုင်းမှုအတွက် ရက် ၂၀ သတ်မှတ်ပေးထားကြောင်းလည်း ကြေညာခဲ့သည်။

WBO အဖွဲ့ချုပ်က "လစ်လပ်နေတဲ့ စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ချန်ပီယံကို စိန်ခေါ် ထိုးသတ်ခွင့်ရထားတဲ့ ရှီရက်ဇ်နဲ့ ပါချီကိုတို့ကို ယှဉ်ပြိုင်ထိုးသတ်သွားဖို့အတွက် စီစဉ်ထားပါတယ်။ ဆွေးနွေးညှိနှိုင်းမှုအတွက် ရက် ၂၀ သတ်မှတ်ပေးထားပါတယ်။ သတ်မှတ်ရက်အတွင်း သဘောတူညီချက် စာချုပ်ကို ချုပ်ဆိုပြီး အမြန်ဆုံး ပေးပို့သွားဖို့လဲ ပြောကြားထားပါတယ်။ သက်ဆိုင်ရာ Promoter တွေကိုလဲ တရားဝင် အသိပေးထားပြီးဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**

# ပီအက်စ်ဂျီအသင်းက နည်းပြအန်းနရစ်ကို တစ်သက်တာစာချုပ်ဖြင့် စာချုပ်သစ် ချုပ်ဆိုရန် ကြိုးပမ်း

**ပဲရစ် ဒီဇင်ဘာ ၂၃**

ပီအက်စ်ဂျီအသင်းက အသင်းကို ဆုဖလားများစွာ ဆွတ်ခူးပေးထားသည့် နည်းပြ အန်းနရစ်ကို တစ်သက်တာစာချုပ်ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ အန်းနရစ်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းကို ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးပေးထားသကဲ့သို့ ယခုနှစ်အတွင်း ဆုဖလားခြောက်လုံးထိ ဆွတ်ခူးပေးခဲ့သူဖြစ်သည်။

နည်းပြအန်းနရစ်နှင့် ပီအက်စ်ဂျီအသင်းတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သဖြင့် ပီအက်စ်ဂျီအသင်းက လက်ရှိအချိန်ကတည်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေပြီး စာချုပ်သက်တမ်းကိုလည်း ဘောလုံးသမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် တစ်သက်တာ စာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြ အန်းနရစ်သည် ယခုနှစ်အတွင်း ပီအက်စ်ဂျီအသင်းနှင့်အတူ ဆုဖလား ခြောက်လုံးထိ ဆွတ်ခူးနိုင်သည်ထိ အောင်မြင်မှုများ ရယူခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်သည့် ၂၀၂၅ ကမ္ဘာ့ တစ်နှစ်တာအကောင်းဆုံး နည်းပြဆု၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပြင်သစ်မဂ္ဂဇင်းတို့က ချီးမြှင့်ပေးအပ်သည့် ၂၀၂၅ တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုတို့ကိုလည်း ဆွတ်ခူးခဲ့သည်။

အလားတူ နည်းပြအန်းနရစ်သည် ယခုနှစ် ဘောလုံးရာသီတွင်လည်း ပြင်သစ်လီဂူးပြိုင်ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ပြင်သစ်စူပါဖလားပြိုင်ပွဲ၊ ပြင်သစ်ကိုပါဒယ်ရေးဖလား ပြိုင်ပွဲတို့တွင်လည်း ချန်ပီယံဆုဖလား လေးလုံး မျှော်လင့်ချက် လမ်းကြောင်းပေါ်ရောက်ရှိအောင် စွမ်းဆောင်ပေးထားကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**



# မြန်မာ့လက်ရွေးစင် ယူ-၂၂ ဘောလုံးအသင်း နည်းပြချုပ်နှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)သည် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းနည်းပြချုပ်ဖြစ်သည့် ဂျပန်နိုင်ငံသား နည်းပြ ကူရိုဆာကီနှင့် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နည်းပြ ကူရိုဆာကီကို မြန်မာ့လက်ရွေးစင်ယူ-၂၂ အသင်းနည်းပြအဖြစ် ယခုနှစ် ဖေဖော်ဝါရီလက တစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စာချုပ်သက်တမ်းကျန်ရှိသေးသော်လည်း စာချုပ်ဖျက်သိမ်းကာလမ်းခွဲခဲ့သည်။

နည်းပြ ကူရိုဆာကီသည် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် အဓိက ပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများမရရှိခဲ့ဘဲ အုပ်စုပွဲစဉ် နှစ်ပွဲလုံး ရှုံးနိမ့်ခဲ့ကာ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

နည်းပြ ကူရိုဆာကီသည် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းကို ၂၀၂၅ ဆီးဂိမ်း၊အာဆီယံယူ -၂၂ ချန်ပီယံရှစ်၊ AFC U-23 ခြေစစ်ပွဲများတွင် အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း အောင်မြင်မှုရယူပေးနိုင်ခြင်း မရှိကြောင်း သိရသည်။

**STA**

# ဟန်လင်းကျောက်စာရုံရှိ ကာလဟတ္ထိကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

**❖ ဟန်လင်းကျောက်စာရုံတွင်ထိန်းသိမ်းပြသထားသည့် မြန်မာကျောက်စာ ၁၇ ချပ်အနက် ကျောက်စာတိုင်အမှတ် (၁၃) ကို ကျောက်စာရေးထိုးသူကိုအစွဲပြု၍ ကာလဟတ္ထိကျောက်စာဟု အမည်ပေးထားသည်။ ထိုကျောက်စာကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရှိ ဟန်လင်းကြီးကျေးရွာရှိ ခတုံဘုရားမှရရှိခဲ့သည်။ ကျောက်စာကိုရရှိပြီးချိန်တွင် စံပြကင်းစခန်းသို့ရွှေ့ပြောင်းထားခဲ့ပြီးမှ ဟန်လင်းကျောက်စာရုံသို့ရောက်ရှိလာခဲ့သည်။ ကာလဟတ္ထိကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းရေ ၂၃ ကြောင်းပါရှိကာ သက္ကရာဇ် ၇၁၂ ခုနှစ်တွင် ရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သည်။ ❖**

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ် ၂၀၀၀ ခန့်က ထွန်းကားခဲ့သည့် ပျူယဉ်ကျေးမှုဒေသတစ်ခုဖြစ်သည့် ဟန်လင်းသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းတစ်မြို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် တည်ရှိသည်။

ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဒေသများတွင် တွေ့ရှိခဲ့သည့် မှတ်တမ်းကျောက်စာများအနက် အများစုသည် ပျူဘာသာစကားဖြင့် ရေးထိုးထားသည့် ကျောက်စာများဖြစ်သော်လည်း အရေအတွက် အလွန်အမင်း များပြားခြင်းမရှိချေ။ ပျူစာပေ အရေးအသားကို ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်းမြို့ဟောင်း၊ မိုင်းမော ခေါ် ပင်လယ်မြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းတို့တွင် အများဆုံးတွေ့ရှိရကာ ပုဂံမြစေတီရှိ ရာဇကုမာရ်ကျောက်စာ မျက်နှာလေးခုတွင်လည်း ပျူဘာသာစကားဖြင့် ရေးထိုးထားသည့် မျက်နှာတစ်ခုပါဝင်သည်။

**ပျူယဉ်ကျေးမှုနှင့် ကျောက်စာများ**

မြန်မာနိုင်ငံတွင် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် နေရာများစွာရှိသည့်အနက် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုး၊ ဝက်လက်မြို့နယ်ရှိ ဟန်လင်းတို့သည် ပျူယဉ်ကျေးမှုအထောက်အထားများ အများဆုံးကြွင်းကျန်ခဲ့သည့် မြို့ဟောင်းများဖြစ်ကြသည်။ ထိုပျူမြို့ဟောင်းသုံးမြို့သည် မြန်မာနိုင်ငံ၏အထင်ရှားဆုံး ပျူမြို့ဟောင်းများဖြစ်ကြ၍ ၂၀၁၄ ခုနှစ်တွင် ၎င်းမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

ပျူမြို့ဟောင်းသုံးခု၌ ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရာ ပျူစာပေဖြင့် ရေးသားထားသည့် စာပေအထောက်အထားများကို ရရှိခဲ့သည်။ အထူးသဖြင့် သရေခေတ္တရာမှရရှိခဲ့သည့် ပျူစာများရေးထိုးထားသော ကျောက်ထွင်းအိုးများ၊ ငွေဖောဓိပလ္လင်၊ ဆင်းတုတော်ပလ္လင်၊ ကြေးဆင်းတု စသည့်ပျူစာပေအထောက်အထားများကို အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တို့တွင် ထိန်းသိမ်းပြသထားသည်။ ထို့အတူ ဟန်လင်းမြို့ဟောင်းမှရရှိခဲ့သည့် ကျောက်စာများကို ဟန်လင်းမြို့ဟောင်း၌ ကျောက်စာရုံတစ်ခုတည်ဆောက်ကာ ထိန်းသိမ်းထားသည်။

ပျူယဉ်ကျေးမှုထွန်းကားသည့် ခေတ်ကာလတွင် တွေ့ရှိခဲ့သည့် အက္ခရာများကို ယေဘုယျအားဖြင့် ပျူဘာသာဟု သတ်မှတ်ခဲ့သည်။ ပျူစာပေအရေးအသားသည် ပုဂံခေတ်ထိရှိခဲ့ကာ ပျူစာအရေးအသားကို ရာဇကုမာရ်ကျောက်စာ၊ စောလူးမင်းကျောက်စာ စသည်တို့တွင် တွေ့ရှိရသည်။ ပုဂံခေတ်တွင် ပျူဘာသာစကားသာမက၊ မြန်မာဘာသာနှင့် မွန်ဘာသာတို့ကိုလည်း တွင်ကျယ်စွာအသုံးပြုခဲ့ကြောင်း ပုဂံခေတ်ထိုးကျောက်စာများတွင်တွေ့ရှိရပေသည်။ ထို့ကြောင့် ကျန်စစ်သားနတ်ရွာစံပြီး နောက်ပိုင်းတွင် ကျောက်စာများကိုမြန်မာဘာသာဖြင့်သာ အများဆုံးရေးထိုးခဲ့သည်။

**ပျူမြို့ဟောင်းဟန်လင်း**

မြန်မာနိုင်ငံတွင် ထင်ရှားသော ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှ အရှေ့တောင်ဘက်သို့ ၁၀ မိုင် ငါးဖာလုံနှင့် ဝက်လက် မြို့မှ အရှေ့မြောက်ဘက်သို့ ခြောက်မိုင်အကွာတွင် တည်ရှိသည်။

ကမ္ဘည်းကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးစီးသောအဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ပဏ္ဏာမကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကုလားကုန်း၊ ဘုရားကုန်း၊ နန်းတော်ရာ စသည့်နေရာ ၁၀ ခုတွင် ပထမဆုံး စမ်းသပ်တူးဖော်ခဲ့သည်။ ကျောက်စာဝန် မစ္စတာချားလ်ဒူရွိုင်ဆယ်သည်လည်း ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့သည်။ ထိုအချိန်မှစ၍ ဟန်လင်းကို ခေတ်အဆက်ဆက် တူးဖော်သုတေသနပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထိ ဟန်လင်းမြို့ဟောင်းအတွင်း ကုန်းပေါင်း ၄၆ ကုန်းကို တူးဖော်နိုင်ခဲ့သည်။

ဟန်လင်းမြို့ဟောင်းကို တူးဖော်မှုများမဆောင်ရွက်မီနှင့် ဆောင်ရွက်စဉ် ဒင်္ဂါးများ၊ မြေနှင့်ကျောက်ပုတီးစေ့များ၊ အိုးခြမ်းကွဲစများ၊ ကျောက်ခေတ်သစ်လက်နက်များ၊ ကြေးမုံနှင့် ရွှေထည်ပစ္စည်းများ စသည့်ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများနှင့် ကျောက်စာချပ်များကို တွေ့ရှိခဲ့သည်။

**ဟန်လင်းမှရရှိခဲ့သည့် ကျောက်စာများ**

ပျူမြို့ဟောင်း ဟန်လင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏ္ဏာမစမ်းသပ်တူးဖော်မှု စတင်ဆောင်ရွက်စဉ် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် အသုံးပြုသည့် စာပေအရေးအသားတစ်ခုဖြစ်သော ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် ကျောက်စာတစ်ချပ်ကိုရရှိခဲ့သည်။ ထိုကျောက်စာကို ပညာရှင်များက အေဒီ ၄ ရာစုက အရေးအသားဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ ခေတ်အဆက်ဆက် တူးဖော်မှုများတွင် ဟန်လင်းမှ ရှေးဟောင်းကျောက်စာချပ်များကို ရရှိခဲ့သည်။ ၎င်းကျောက်စာများကို ပညာရှင်များသာမက စိတ်ပါဝင်စားသည့် သုတေသီများနှင့် အများပြည်သူများ လေ့လာနိုင်ရန် ၁၉၅၇ ခုနှစ်တွင် ဟန်လင်းကျေးရွာ၌ ဟန်လင်းကျောက်စာရုံကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ထိန်းသိမ်းပြသထားခဲ့သည်။ ၁၉၆၃-၁၉၆၄ ခုနှစ်တွင် ဟန်လင်းကျောက်စာရုံကို ထပ်မံတိုးချဲ့ခဲ့သည်။

ဟန်လင်းမြို့ဟောင်းတူးဖော်မှုများမှရရှိခဲ့သည့် ကျောက်စာများကို စနစ်တကျထိန်းသိမ်းခဲ့သဖြင့် ပျူယဉ်ကျေးမှုအထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့သော်လည်း ယခုတိုင်အဓိပ္ပာယ်မပြန်ဆိုနိုင်သေးသည့် ကျောက်စာများလည်း ကျန်ရှိနေဆဲဖြစ်သည်။ ဟန်လင်းကျောက်စာရုံ၌ ပျူကျောက်စာချပ် သုံးချပ်အပါအဝင် ကျောက်စာ ၂၁ ချပ်ကို ထိန်းသိမ်းထားပြသခဲ့သည်။ ၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ် (၂)မှ ရရှိခဲ့သောကျောက်စာ (အမှတ် ၀၁) သည် အေဒီ ၈ ရာစုတွင် ရေးထိုးခဲ့သော ပျူကျောက်စာဖြစ်ပြီး စာကြောင်းရေ ၁၄ ကြောင်း ပါရှိသည်။ ဟန်လင်း နဂါးရုံကန်ပေါင် အနောက်ဘက်မှ တွေ့ရှိခဲ့သည့် စာကြောင်းနှစ်ကြောင်းသာပါရှိသော ကျောက်စာသည်လည်း အေဒီ လေးရာစုတွင် ပျူအက္ခရာများဖြင့် ရေးထွင်းခဲ့သော အစောဆုံးပျူကျောက်စာချပ်တစ်ချပ်ဖြစ်၍ ၎င်းကျောက်စာကို ပုဂံမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

၁၉၂၉-၁၉၃၀ ပြည့်နှစ်က ကျောက်ဘီလူးထန်းတောမှ တွေ့ရှိခဲ့ရသည့် ကျောက်ချပ်အမှတ် (၀၉)တွင် အပေါ်ပိုင်း၌ ဘုရား သို့မဟုတ် ဗောဓိသတ္တ(ဘုရားလောင်း)ပုံပါရှိပြီး အောက်ပိုင်းတွင် လက်အုပ်ချီမိုးထားသူ ၅၂ ဦးပုံကို ထွင်းထားသဖြင့် ယင်းကျောက်ချပ်သည် သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်ရုပ်ကြွအဖြစ် ထင်ရှားခဲ့သည်။

ဟန်လင်းကျောက်စာရုံတွင် ပြသထားသော ကျောက်စာများတွင် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ပါဝင်၍ ထိုကျောက်စာအများစုသည် ကျောင်း၊ စေတီ၊ ဂူဘုရားများတည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာ၊ ပိဋကတ်အလှူတော်တို့ကိုမှတ်တမ်းပြုထားသော ကမ္ဗည်းကျောက်စာများဖြစ်ကြသည်။ ၎င်းတို့အနက် မြေပိုင်ဆိုင်မှုအဆုံးအဖြတ်စီရင်ချက် ချမှတ်သောအမိန့်ကို ကျောက်စာချပ် (အမှတ်၀၄) တွင် မြန်မာအက္ခရာများဖြင့်ရေးထိုးထားသည်။ ထူးခြားသော ကျောက်စာချပ် တစ်ချပ်ဖြစ်သည့် နွားနှင့်ကျွန် လဲလှယ်သည့်မှတ်တမ်းကို ကျောက်စာချပ် (အမှတ် ၁၈)တွင်လေ့လာနိုင်ကြသည်။

**ကာလဟတ္ထိကျောက်စာ**

ဟန်လင်းကျောက်စာရုံတွင်ထိန်းသိမ်းပြသထားသည့် မြန်မာကျောက်စာ ၁၇ ချပ်အနက် ကျောက်စာတိုင်အမှတ် (၁၃) ကို ကျောက်စာရေးထိုးသူကိုအစွဲပြု၍ ကာလဟတ္ထိကျောက်စာဟု အမည်ပေးထားသည်။ ထိုကျောက်စာကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရှိ ဟန်လင်းကြီးကျေးရွာရှိ ခတုံဘုရားမှ ရရှိခဲ့သည်။ ကျောက်စာကိုရရှိပြီးချိန်တွင် စံပြကင်းစခန်းသို့ ရွှေ့ပြောင်းထားခဲ့ပြီးမှ ဟန်လင်းကျောက်စာရုံသို့ ရောက်ရှိလာခဲ့သည်။

ကာလဟတ္ထိကျောက်စာသည် တစ်မျက်နှာထိုး ကျောက်စာဖြစ်၍ စာကြောင်းရေ၂၃ ကြောင်းပါရှိကာ သက္ကရာဇ် ၇၁၂ ခု နှစ်တွင် ရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သည်။ အလှူရှင် ကာလဟတ္ထိသည် ဘုရားအတွက် မြေများဝယ်ယူပြီး နွား၊ ဝက်နှင့် ဖျင်များလှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင်ရေးထိုးထားသောကျောက်စာဖြစ်သည်။ ကျောက်စာရေးထိုးသည့် သက္ကရာဇ် ၇၁၂ ခုနှစ်သည် ခရစ်နှစ် ၁၃၅၀ ပြည့်နှစ်ခန့်ဖြစ်သောကြောင့် ကာလဟတ္ထိကျောက်စာသည်ပျူခေတ်ကရေးထိုးခဲ့သည့်ကျောက်စာမဟုတ်ဘဲ ပုဂံခေတ် နောက်ဆုံးကာလဖြစ်သည့် စောမွန်နှစ်မင်း (၁၃၂၅-၁၃၆၈)လက်ထက်တွင် ရေးထိုးခဲ့သည့် ကျောက်စာဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

ကျောက်စာ၏ ပထမစာကြောင်းတွင် သက္ကရာဇ် ၇၁၂ ခုနှစ် အာသတ်နှစ် တပို့တွဲလဆုတ် ၈ ရက် ကြာသပတေးနေ့လျှင်ဟုအစပြုကာ ပုဂံခေတ်ကျောက်စာများတွင် ရေးထိုးလေ့ရှိသည့်အတိုင်း ကျောက်စာရေးထိုးသည့်ရက်ကို ဖော်ပြသည်။ ဆက်လက်၍ ငပကြိသင်၊ ငကောက်သင်တို့လက်မှ ကာလဟတ္ထိဝယ်ခဲ့သည့် မြေဖိုးငွေ ၁၇ ကျပ်၊ နွားတစ်ကောင်၊ ငစပ်နှင့် ငကောင်းမွန်တို့ဝတ်သည့် ဖျင်နှစ်စကို ဘုရားထံလှူဒါန်းကြောင်း ရေးထိုးထားသည်။ ရစ်လဲဝန်မှ မြေတစ်ပယ်နှင့်ရွာမှ မြေတစ်ပယ်ကိုလည်း ဘုရားသို့လှူဒါန်းကာ မိမိကောင်းမှုကိုချီပင့်သူသည် မိမိနှင့် အတူရပါစေ၊ ဖျက်ဆီးသူကား အဝီစိတွင်နစ်စေသတည်းဟု ဆုတောင်းစာနှင့် ကျိန်စာကို တစ်ဆက်တည်းရေးထိုးခဲ့သည်။ ကောင်းမှုအကျိုးကား နိဗ္ဗာန်ဆုကိုလိုသတည်းဟု မိမိဆန္ဒကိုပါဖော်ပြခဲ့သည်။

ကျောက်စာ စာကြောင်းရေ (၁၀) တွင် သက္ကရာဇ် ၇၁၀ ပြည့်နှစ်က ဝယ်ယူခဲ့သည့် မြေဖိုးများ၊ နွား၊ ဖျင်နှင့် ဝက်များကို သကာတတိရဟန်းကို လှူခဲ့ပုံ၊ မိမိအလှူဆုတောင်းနှင့် ကျိန်စာကို ငပကြိသင်နှင့် ငကောက်သင်တို့သိရှိကြောင်းနှင့် ရွာသားအကုန်သိပါကြောင်း ဖော်ပြထားသည်။

ကျောက်စာ စာကြောင်းရေ(၁၈)တွင် သက္ကရာဇ် ၇၀၇ ခုနှစ် တော်သလင်းလဆုတ် ၃ ရက် ရက်စွဲဖြင့် ကျောက်စာကိုဆက်လက်ရေးထိုးထားရာ ဝယ်ယူခဲ့သည့် မြေဖိုးများကို ဖော်ပြပြီး ငခင်၊ ငကုမာ၊ ငပကြိသင်၊ သရေစပတိ၊ ငကောက်သင်၊ ငပြည်သင်တို့သည် မိမိနှင့် အတူ ရရှိပါစေဟု တစ်ဦးချင်းအမည်များကို ရေးထိုးခဲ့သည်။ စာကြောင်းရေ(၂၃)တွင် ဖျက်သူကား အဖဘုရားမဖူးရစေသတည်းဟု ကျိန်ဆိုကာ ကျောက်စာကို အဆုံးသတ်ထားသည်။

ကာလဟတ္ထိကျောက်စာကို ခတုံဘုရားမှ တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင် ဖော်ပြထားကာ ကျောက်စာတွင် မိမိအလှူကို ခတုံတစ်ရွာလုံးသိပါသတည်းဟု ဖော်ပြထားသဖြင့် ကျောက်စာရေးထိုးသည့် အချိန်က သူ၏အလှူကို ခတုံရွာတွင် ပြုလုပ်ခဲ့ကြောင်းမှန်းဆရပေသည်။

ကာလဟတ္ထိသည် မည်သူဟု ထင်ရှားခြင်းမရှိသော်လည်း ပုဂံခေတ်နှောင်းကာလတွင် ပျူဒေသ၌ ရေးထိုးခဲ့သည့်မြန်မာကျောက်စာတစ်ချပ်ကို ဟန်လင်းမြို့ဟောင်းတွင် ထိန်းသိမ်းထားနိုင်သဖြင့် စိတ်ဝင်စားဖွယ်ကျောက်စာတစ်ချပ်ဖြစ်လာခဲ့ပေသည်။

မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် တွေ့ရှိခဲ့သည့် ရှေးဟောင်းကျောက်စာချပ်များကို မူလစာသားများမပျက်ဘဲ အကောင်းပကတိအတိုင်းတူးဖော်ရရှိမှုများရှိသကဲ့သို့ အချို့ကျောက်စာများကို အကျိုးအပိုင်းအစများအဖြစ်ရရှိခဲ့သည်။ ထို့ကြောင့် ကျိုးပဲ့နေသော ကျောက်စာများကို စနစ်တကျ ဆက်စပ်၍ ထိန်းသိမ်းထားရှိသည်။ မြေတွင်မြုပ်နေသည့် ကျောက်စာတချို့သည် လယ်ယာလုပ်ငန်းဆောင်ရွက်မှုများဆောင်ရွက်စဉ် ထိခိုက်မိသဖြင့် ပျက်စီးမှုများရှိခဲ့သည်။ ဒေသနေသူတချို့၏ သမိုင်းတန်ဖိုးသိနားလည်မှု နည်းပါးသေးသောကြောင့် ကျောက်စာချပ်များပေါ်တွင် အဝတ်လျှော်ခြင်း၊ ဓားသွေးခြင်းစသည်တို့ကြောင့် ထွင်းထုထားသောစာသားများပျက်စီးနေသည့် ကျောက်စာတိုင်တချို့ကိုလည်း ပြတိုက်များတွင် မြင်တွေ့နိုင်ကြသည်။

ကျောက်စာများကို တစ်ဦးတစ်ယောက်သော အလှူမှတ်တမ်းမှသည် အုပ်ချုပ်သူတို့၏ဆောင်ရွက်ချက်များထိ အကြောင်းချင်းရာမျိုးစုံကို ရေးထိုးခဲ့သဖြင့် သမိုင်းနှင့်ရှေးဟောင်းသုတေသနသုတေသီများအတွက် အခိုင်မာဆုံးသော မှတ်တမ်းအထောက်အထားများဖြစ်လာခဲ့ကြသည်။ မြန်မာနိုင်ငံသမိုင်းစဉ်တွင် အထင်အရှားရှိခဲ့သည့် ပျူလူမျိုးများ၏ သမိုင်းနှင့် ယဉ်ကျေးမှုကိုဖော်ထုတ်ရာတွင် ဟန်လင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့်ပျူကျောက်စာများသည် တစ်ထောင့်တစ်နေရာမှ အထောက်အကူဖြစ်သကဲ့သို့ ကာလဟတ္ထိကဲ့သို့ မြန်မာကျောက်စာများသည်လည်း ဟန်လင်းဒေသ၏ လူမှုဘဝပုံရိပ်တချို့ကို ဖော်ပြလျက်ရှိနေပေသည်။

**ကိုးကား**

- ဟန်လင်းမြို့ဟောင်း တူးဖော်မှုမှတ်တမ်း (ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန)
- ရှေးဟောင်းမြန်မာကျောက်စာများ၊ (စတုတ္ထတွဲ) (ဦးငြိမ်းမောင်)

# ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်




ရန်ကုန် ဒီဇင်ဘာ ၂၃

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၇ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဘိုဘို အင်တာတိန်းမန့် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဧပြီလတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ မေတ္တာသွဲ့ ဒရာမာဇာတ်လမ်းလေးပါပဲ။ ရုံတင်စဉ်ကလဲ ပရိသတ်အားပေးမှု ရရှိထားတဲ့ ဇာတ်ကားလဲဖြစ်ပါတယ်။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

အဆိုပါ ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ ရဲရင့်အောင်၊ နေဝင်း၊ ထွန်းထွန်း၊ ဆန့်မောင်၊ ရှမ်းလေး၊ သားပေါက်၊ ကိုသက်၊ မေမြင့်မိုရ်၊ မင်းအာကာ၊ ခွန်းညီ၊ ချိုမဒီသွင်၊ မီကိုခန့်နှင့် အနုပညာရှင်များစွာပါဝင်ပြီး ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီတွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# အမေရိကန် နေဗီဆီးလ်တပ်ဖွဲ့ဇာတ်ကားသစ်တွင် မင်းသား ဟွာရှင်ဒီ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဒီဇင်ဘာ ၂၃

Amazon MGM စတူဒီယို၏ အမေရိကန် နေဗီဆီးလ်တပ်ဖွဲ့ အက်ရှင် ဇာတ်ကားသစ်တွင် မင်းသား ဟွာရှင်ဒီလည်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မင်းသား ဟွာရှင်ဒီသည် ဗီယက်နမ်နွယ်ဖွား ဩစတြေးလျ ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်ကြောင်း သိရသည်။

တရားဝင်ဇာတ်ကားနာမည် ကြေညာခြင်းမရှိသေးသည့် အဆိုပါ နေဗီဆီးလ်ဇာတ်ကားတွင် ဟွာရှင်ဒီသည် မင်းသား အလန်ရစ်ဆန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ဗီယက်နမ်စစ်ပွဲ ပြီးဆုံးလုဆဲဆဲကာလတွင် အမေရိကန်နေဗီဆီးလ်အထူးတပ်ဖွဲ့တစ်ဖွဲ့ ရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်အက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေဆင်ဟောနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဇာတ်ကားစတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်မည့်နေ့တို့ကို Amazon MGM က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# တေးသံရှင် ရွှေထူး၏ တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်မည်




ရန်ကုန် ဒီဇင်ဘာ ၂၃

တေးသံရှင် ရွှေထူး၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဒီဇင်ဘာ ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသံရှင် ရွှေထူး၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ရွှေထူးနှင့်အတူ Transporter Bar ၏ ပင်တိုင်အဆိုတော်များကလည်း အားဖြည့်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Music Band မှ အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ခရစ္စမတ်ညမှာ Transporter Music Band နဲ့အတူ ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ Transporter Bar ရဲ့ ပင်တိုင်အဆိုတော်တွေကလဲ အင်ပြည့်အားပြည့် ပါဝင်ဖျော်ဖြေတင်ဆက်ကြမှာပါ။ အဆိုရော၊ DJ ရော ရသနှစ်မျိုးပေးစွမ်းတဲ့ ရန်ကုန်မြို့ရဲ့ အမိုက်စားဖျော်ဖြေတင်ဆက်မှုတွေကို ခံစားနိုင်တာမို့ ခရစ္စမတ်ညမှာ ဆုံကြပါစို့"ဟု တေးသံရှင်ရွှေထူးက ပြောပြသည်။

တေးသံရှင် ရွှေထူး၏ ဖျော်ဖြေမှုအစီအစဉ်ကို Transporter Bar ၌ ည ၆ နာရီ မိနစ် ၃၀ တွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Positano ၌ မက်သရူးမက်ကိုနော့ဟေးနှင့် ဇိုးဆယ်ဒါနာတို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

နယူးယောက် ဒီဇင်ဘာ ၂၃

Netflix ကုမ္ပဏီ၏ Positano ဒရာမာဇာတ်ကား၌ မင်းသား မက်သရူးမက်ကိုနော့ဟေးနှင့် မင်းသမီး ဇိုးဆယ်ဒါနာတို့ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် မက်သရူးမက်ကိုနော့ဟေးနှင့် ဇိုးဆယ်ဒါနာတို့သည် Positano ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်ရေးအတွက် Netflix ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Positano ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အလက်ဇန်းဒါးတာနာကာနှင့် ဘရိုင်ယန်ဂိတ်ဝုဒ်တို့က ရေးသားထားကြောင်း သိရသည်။

သို့ရာတွင် ၎င်းဇာတ်ကားကို အီတလီနိုင်ငံ ပိုဆီတာနိုမြို့ကို နောက်ခံထား၍ ဒါရိုက်တာ ဒန်နီယယ်ရိုဟာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Positano ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို Netflix ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# တေးသံရှင် ထွန်းထွန်း(EXAMPLEZ)၊ ဇော်ရှိန်းထက်တို့ပါဝင်သည့် မင်္ဂလာပွဲခင်း တေးဂီတဖျော်ဖြေပွဲကို အမရပူရမြို့နယ်ရှိ Amarapura Icon တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် ဒီဇင်ဘာ ၂၃

တေးသံရှင် ထွန်းထွန်း(EXAMPLEZ)၊ ဇော်ရှိန်းထက်တို့ ပါဝင်သည့် မင်္ဂလာပွဲခင်း Amarapura Icon New Year Event အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ Amarapura Icon ၌ ဒီဇင်ဘာ ၃၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ မင်္ဂလာပွဲခင်း Amarapura Icon New Year Event တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် ထွန်းထွန်း(EXAMPLEZ)ထံမှ သိရသည်။

မင်္ဂလာပွဲခင်း Amarapura Icon New Year Event အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို Po Sein Entertainment က စီစဉ်ခြင်းဖြစ်ပြီး တေးသံရှင် ထွန်းထွန်း(EXAMPLEZ)၊ ဇော်ရှိန်းထက်တို့အပြင် ပိုင်သစ်၊ ခန့်အုပ်စိုး၊ ကုဋေဘုန်းမြတ်တို့နှင့်အတူ အေးသန္တာဗို၊ ဇူလိုင်ဝင့်ထည်၊ ငွေ့တေးသံရှင် တင်မျိုးဦးနှင့် DJ-LiAM တို့က ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"နှစ်သစ်ကူး ညကတော့ မန္တလေးက Amarapura Icon မှာ ရှိနေပါမယ်။ လူငယ်တေးသံရှင်တော်တော်များများလဲ ပါဝင်မှာဖြစ်ပါတယ်။ Amarapura Icon မှာ နှစ်သစ်ကူးညကို တေးသီချင်းတွေနဲ့ ဖြတ်သန်းကြဖို့ လာရောက်အားပေးနားသောတဆင်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ထွန်းထွန်း(EXAMPLEZ)က ပြောပြသည်။

တေးသံရှင် ထွန်းထွန်း(EXAMPLEZ)နှင့် ဇော်ရှိန်းထက်တို့ ပါဝင်သည့် မင်္ဂလာပွဲခင်း Amarapura Icon New Year Event အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို Amarapura Icon တွင် ညနေ ၅ နာရီ၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing attends Christmas Thanksgiving and Fellowship Banquet



Senior General Min Aung Hlaing extends Christmas greetings.

**Nay Pyi Taw December 23**

The Myanmar Council of Churches organized a Christmas Thanksgiving and Fellowship Banquet at St. Mary's Cathedral in Botahtaung Township of Yangon Region this morning, attended by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing.

Also present on the occasion together with the Senior General were his wife Daw Kyu Kyu Hla, SSPC Secretary General Ye Win Oo and wife, SSPC members and wives, union ministers and wives, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief and wives, the Yangon Command commander, the Yangon Mayor, bishops and reverends from Myanmar Council of Churches, Myanmar Catholic Dioceses, Myanmar Evangelical Christian Alliance and Myanmar Christian Missionary Cooperation Committee, officials from Interfaith Dialogue Group, guests, Christians, Catholic youths and Christian town elders.

The Senior General along with the members, arrived at St. Mary's Cathedral Church, where they were welcomed by the Catholic Archbishop, Cardinal Charles Bo, and senior clergies, and Christian youths singing hymns and playing musical instruments.

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and Daw Kyu Kyu Hla and Catholic Archbishop, Cardinal Charles Bo posed for documentary photos together with the Christian youths of the welcoming party.

The Senior General and wife and party viewed the Popemobiles of Pope Francis during his visit to Myanmar in the St. Mary's Cathedral, and watched the video clips on activities of the Pope during the visit to Myanmar in November 2017 and the prayer service conducted by Senior General Min Aung Hlaing and Cardinal Charles Bo.

The Senior General and wife and party arrived in the Cathedral, the venue of the second part of the ceremony, and were welcomed by bishops and reverends from Myanmar Council of Churches, Myanmar Catholic Dioceses, Myanmar Evangelical Christian Alliance and Myanmar Christian Missionary Cooperation Committee, and officials from Interfaith Dialogue Group.

The ceremony began with the opening prayer of blessing by Reverend U Pho Pho Hla of the Seventh-day Adventist Church of Myanmar Union Mission.

The Senior General and wife and the audience sang the hymn "Oh Pleasant Myanmar."

Chairman of the Myanmar Council of Churches Archbishop Stephen Than Myint Oo delivered a welcoming speech, and vocalist Pan Yaung Chel sang a hymn praising the virtues of God.

In his Christman greetings, the Senior General prayed for all Christians, citizens of Myanmar and global people to be in the embrace of loving kindness and serenity in this Christmas that falls at a time when season and occasion are appropriate and align. Christmas puts humanity under the umbrella of love and kindness and reflects the noble essence of Christians.

It is common knowledge that today in this world, which is a sanctuary for all mankind, has many faiths while Buddhism, Christianity, Hinduism, Islam are designated as the four main religions of the world. In fact, religion is a teaching, with love, compassion, and empathy as the basic principles. The Senior General expressed belief that only love and compassion of the religions can serve a guide for humanity towards peace and tranquility.

He said the world will be a peaceful and prosperous place only if there is peace beginning from a single social organization to the entire human society. Human relations strained with hatred and grudge can evolve into criminal acts such as victimization, killings and tortures in the human society. Only the religious teachings of love and sympathy can eliminate criminal acts and create a world where peace, tranquility and love prevail.

Regarding faith, section 34 of the 2008 Constitution stipulates, "Every citizen is equally entitled to freedom of conscience and the right to freely profess and practise religion subject to public order, morality or health and to the other provisions of this Constitution." Hence, freedom of worship has been granted for every religion.



Senior General Min Aung Hlaing and Daw Kyu Kyu Hla accept Christmas gifts.

In Myanmar, Buddhists, Christians, Hindus, Muslims and followers of other religious beliefs have been living together for eons. It is known to all that despite different religious beliefs, followers of different religions have served the interests of the country out of the kinship and union spirit based on mutual respect without offence, discrimination and harming against each other.

It is necessary to preserve the friendly, warm and fine traditions among followers of different religious beliefs and everyone is urged to join hands to defend against any instigation that tries to undermine unity and respect through the family spirit.

It can be seen that there are common ethics and principles of self-restraints in every religion and such ethical principles are based on mental well-being. As mental purity powerfully contributes a lot to physical peaceful developments and prosperity of the entire society, it is firmly believed that religions are sacred teachings.

Upholding the peace principles based on these religions, everyone is urged to make efforts to take the path toward the emergence of the stable, peaceful and developed union and multi-party democracy aspired by the entire national race people peacefully.

I pray for Christian cardinals and Christians who organize the Christmas gathering , guests, citizens and Christians across the world to enjoy the essence of peace and happiness since Christmas.

Then, Rev. Dr U Aye Min, Chairman of the Myanmar Evangelical Christian Alliance, prayed for the Senior General and the band of the Methodist Church (Lower Myanmar) Methodic English Church performed a carol service.

Afterward, the congregation led by Chairman Rev Dr Myo Myint Oo of the Myanmar Council of Churches extended greetings while Sister Rufee read out the bible and Cardinal Charles Bo delivered a Christmas sermon. Then, Cardinal Charles Bo, Archbishop Steven Than Myint Oo and Rev Dr Aye Min presented a Christmas gift, greetings and

*See Page 13*



Senior General Min Aung Hlaing and Daw Kyu Kyu Hla pose for a group photo.






Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy Christmas songs.

*From Page 12*

a gemstone painting to the Senior General and his wife, who presented Christmas gifts to the cardinals.

Rev Mahn Palmerston extended Christmas greetings and Rev Dr Morris Liana expressed thanks to the organizers of the fellowship dinner.

Then, the congregation sang the hymn Silent Night, Holy Night and Cardinal Charles Bo extended greetings, saying may all human beings be blessed with auspiciousness on the occasion of Christmas, may Myanmar be blessed with prosperity in the New Year and may the Senior General and wife and family and all Myanmar people be blessed with auspiciousness.

Afterward, the Senior General and wife cordially greeted the attendees.

Then, the Senior General, wife and party and guests enjoyed the thanks giving fellowship meal hosted by the Myanmar Council of Churches. 100

# 491 illegal buildings used in online scam and gambling activities in the KK Park area systematically demolished; buildings used for online scam and gambling operations in Myawady and surrounding areas sealed and confiscated

Demolition of illegally constructed two-storey residential buildings in KK Park Area (Section 3) using incendiary methods.



Before demolition.



After demolition.

**Nay Pyi Taw December 23**

The Government of Myanmar is carrying out coordinated operations involving security forces, administrative bodies, and local authorities to crack down on online scam and gambling activities. These efforts include clearing illegal buildings in the Shwe Kokko and KK Park areas—where such activities are most heavily based—confiscating items used in online scam and gambling operations, and systematically demolishing illegal structures.

As part of these ongoing anti–online scam and gambling operations, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which had been used for online scam and gambling activities, were additionally demolished today. As a result, out of a total of 635 illegal buildings in the KK Park area, 491 have now been systematically demolished. Among the illegal buildings in the KK Park area, those that had already been demolished using heavy machinery have also been further destroyed using incendiary methods to ensure complete destruction. This process has been carried out since December 14. As of today, an additional five two-storey buildings have been destroyed, bringing the total number of two-storey buildings completely demolished to 41.

In addition, to prevent illegal foreign nationals from residing in buildings and to prevent online scam and gambling activities in Myawady town and surrounding areas of Kayin State, joint inspection and clearance operations involving security forces, administrative bodies, and local authorities have been conducted since December 8. To date, inspections have been completed on 464 buildings, and 12 buildings were identified as having been used for online scam and gambling activities. To prevent any further use, these buildings have been sealed and confiscated, and as of today, all such illegal buildings have been fully sealed.

Furthermore, equipment and materials used in online scam and gambling activities in the KK Park and Shwe Kokko areas were also systematically destroyed by fire today to prevent reuse. It is reported that the government regards the fight against online scam and gambling as a national duty and will continue its efforts to ensure that such activities cannot take root anywhere in Myanmar, working not only with domestic forces but also in coordination with neighbouring countries' governments. 100



Documentary photograph of the burning and destruction of illegal items within the KK Park area.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်ကုမ္ပဏီက Rafale တိုက်လေယာဉ်သုံး ရေဒါအစိတ်အပိုင်းများထုတ်လုပ်ရန် အိန္ဒိယကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို




ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီသည် အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့များ အသုံးပြုနေသည့် Rafale တိုက်လေယာဉ်များတွင် တပ်ဆင်ထားသော RBE2 (Active Electronically Scanned Array – AESA) ရေဒါများအတွက် လိုအပ်နေသည့် အစိတ်အပိုင်းများထုတ်လုပ်ရန် အိန္ဒိယအခြေစိုက် SFO Technologies ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

RBE2 ရေဒါသည် Rafale လေယာဉ်များအတွက် ပြင်သစ် Thales ကုမ္ပဏီက အထူးထုတ်လုပ်ထားသည့် အဓိကအာရုံခံစနစ်(Sensor) တစ်ခုဖြစ်သည်။ ကုမ္ပဏီများ၏ထုတ်ပြန်ချက်အရ RBE2 ရေဒါအတွက် SFO Technologies ကုမ္ပဏီထံ ပထမဆုံးအကြိမ်ပေးအပ်သည့် အော်ဒါဖြစ်ပြီး အိန္ဒိယနိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုအခြေစိုက်နိုင်ရန် ပြင်သစ် Thales ကုမ္ပဏီ၏ ကြိုးပမ်းမှုအစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ သို့သော် စာချုပ်တန်ဖိုးနှင့် ရေဒါအရေအတွက်အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ဤစာချုပ်သည် အိန္ဒိယရေတပ်၏ လေယာဉ်တင်သင်္ဘောများပေါ်တွင် အသုံးပြုရန် Rafale တိုက်လေယာဉ် ၂၆ စင်း ဝယ်ယူမည့် ၂၀၂၃ ခုနှစ် ဆုံးဖြတ်ချက်အပြီးတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ စာချုပ်သစ်အရ SFO Technologies ကုမ္ပဏီသည် ရေဒါနှင့်ပတ်သက်သော ဝါယာသွယ်တန်းခြင်း၊ တပ်ဆင်ခြင်းနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ RBE2 AESA ရေဒါသည် Rafale တိုက်လေယာဉ်၏ အဓိကအာရုံခံစနစ်ဖြစ်ပြီး ဝေဟင်မှ ဝေဟင်၊ ဝေဟင်မှမြေပြင် စစ်ဆင်ရေးများအပြင် ပစ်မှတ်ခြေရာခံခြင်းနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးလုပ်ဆောင်ချက်များကိုပါ ပံ့ပိုးပေးနိုင်သည်။ ဤကဲ့သို့ အရေးကြီးသော ကာကွယ်ရေးပစ္စည်းများထုတ်လုပ်မှုကို ပြည်တွင်း၌ အခြေစိုက် လုပ်ဆောင်နိုင်ခြင်းဖြင့် ထောက်ပံ့ရေးကွင်းဆက်ကို ပိုမိုခိုင်မာစေပြီး ပြည်ပကုန်ထုတ်လုပ်မှုအပေါ် မှီခိုနေရခြင်းကိုလျှော့ချနိုင်ရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံခြားမှ မူလစက်ပစ္စည်းကိရိယာ ထုတ်လုပ်သူများ (OEMs)အနေဖြင့် အစိတ်အပိုင်းများကို အိန္ဒိယနိုင်ငံ၌ပင် အရင်းအမြစ်ရှာဖွေရန်နှင့် နည်းပညာလွှဲပြောင်းပေးရန်တိုက်တွန်းသည့် Make in India မူဝါဒမှတစ်ဆင့် ပြည်တွင်းကာကွယ်ရေးထုတ်လုပ်မှုကဏ္ဍကို တိုးချဲ့ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။ မကြာသေးမီနှစ်များအတွင်း ပြင်သစ် Thales ကုမ္ပဏီသည် အီလက်ထရွန်နစ်၊ ရေဒါစနစ်များနှင့် လေကြောင်းဆိုင်ရာ ထုတ်လုပ်မှုနယ်ပယ်များတွင် အိန္ဒိယနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် Rafale တိုက်လေယာဉ်များ ဝယ်ယူဖြည့်တင်းရုံတင်မဟုတ်ဘဲ၊ ၎င်း၏ အသက်သွေးကြောဖြစ်သော AESA ရေဒါ နည်းပညာပိုင်းတွင် ပါဝင်ပတ်သက်လာခြင်းသည် မဟာဗျူဟာမြောက် အောင်မြင်မှုတစ်ခုဖြစ်သည်။ အနာဂတ်တွင် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်တိုက်လေယာဉ် စီမံကိန်းများအတွက် နည်းပညာအခြေခံကောင်းများ ရရှိစေမှာဖြစ်သလို၊ ပြင်သစ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြား စစ်ဘက်စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဆင့်သစ်တစ်ခုကို ရောက်ရှိခဲ့သည်ကို ပြသနေကြောင်း သိရသည်။

**Thales Taps Indian Firm for Rafale AESA Radar Components ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က ၃၆၀ ဒီဂရီ ပတ်လည်ကာကွယ်နိုင်မည့် Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပိုင်ဆိုင်တော့မည်

အမေရိကန်ကြည်းတပ်သည် ၃၆၀ ဒီဂရီပတ်လည်ကာကွယ်နိုင်မည့် Patriot လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ကို ပိုင်ဆိုင်လာတော့မည်ဖြစ်ကြောင်း Next Gen Defense သတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ကြည်းတပ် တာဝန်ရှိသူများ မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည့် Patriot လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် ဗားရှင်းအသစ်သည် နောက်ကျောဘက်မှ ချဉ်းကပ်လာသည့် သို့မဟုတ် ခေါင်းပေါ်မှကျော်ဖြတ်သွားသည့် ရန်သူ့ပဲ့ထိန်းဒုံးကျည်နှင့်ခရုဇ်ဒုံးကျည်များကို ကြားဖြတ်ဖျက်ဆီးနိုင်စွမ်းရှိမည် ဖြစ်ကြောင်း သိရသည်။

ပခုံးပေါ်ကျော်ပစ်ခတ်မှုဟု ခေါ်ဆိုသည့် အဆင့်မြှင့်တင်မှုသည် Patriot လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ကို မည်သည့်အရပ်မျက်နှာမှမဆို ဝင်ရောက်လာမည့် ပစ်မှတ်များကို ၃၆၀ ဒီဂရီပတ်လည် တိုက်ခိုက်နိုင်စွမ်းရှိလာစေမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပုံဖော်စမ်းသပ်ချက်များအရ ဤကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်သစ်များသည် အရေးပါသော အချက်အချာနယ်မြေများတွင် Patriot လက်နက်စနစ်တပ်ခွဲများဖြင့် ကာကွယ်မှုကို လုံးဝပြောင်းလဲပစ်နိုင်လောက်သည့်အကွာအဝေး၊ အမြင့်နှင့် လှုပ်ရှားစိတ်ကစားနိုင်မှုများ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဤတိုးတက်မှုကြောင့် ၃၆၀ ဒီဂရီ ပတ်လည်ကာကွယ်နိုင်စွမ်းရှိပြီး နိုင်ငံတကာထုတ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် Patriot လက်နက်စနစ်ကြားရှိ ကွာဟချက်ကို ကျဉ်းမြောင်းသွားစေမည်ဖြစ်ပြီး ခေတ်မီ၍ လမ်းကြောင်းပြောင်းလဲနိုင်သော လေကြောင်းခြိမ်းခြောက်မှုများကို ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်လိမ့်မည်ဟု အမေရိကန်ကြည်းတပ်က မျှော်မှန်းထားကြောင်း သိရသည်။

မျိုးဆက်သစ် Patriot လက်နက်စနစ်သည် ဆယ်စုနှစ်များစွာ အသုံးပြုခဲ့သည့် စောင်းလျက်မြင့်ထောင့် တစ်ခုဖြင့် ပစ်ခတ်ရသော ဒီဇိုင်းများမှ ခွဲထွက်ကာ ဒေါင်လိုက်နှင့် အအေးခန်းစနစ်ဖြင့် တွန်းထုတ်ပစ်ခတ်မှုနည်းလမ်းကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။

ဒုံးကျည်ကို အထက်သို့ ဦးစွာတွန်းထုတ်လိုက်ပြီးမှ ပစ်မှတ်ရှိရာအရပ်သို့ လမ်းကြောင်းပြောင်းပျံသန်းစေခြင်းဖြစ်ရာ ဒုံးပစ်စင်ကိုလှည့်ရန် သို့မဟုတ် နေရာရွှေ့ရန်မလိုဘဲ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဤကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်သစ်သည် ယခင်ထက် ပိုမိုဝေးကွာပြီးပိုမိုမြင့်မားစွာပျံသန်းနိုင်မည်ဖြစ်ရာ လက်နက်စနစ်တစ်ခုလုံး၏ စစ်ဆင်ရေးနယ်ပယ်ကို ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်သည်။



ဒေါင်လိုက်ပစ်ခတ်မှုစနစ်သို့ ပြောင်းလဲလိုက်ခြင်းကြောင့် ဒုံးပစ်စင်သည်လည်း ယခင် Patriot လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ဗားရှင်းများနှင့် သိသိသာသာ ကွဲပြားသွားမည်ဖြစ်သည်။ အမေရိကန်ကြည်းတပ်သည် ဤကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သစ်ကို ယခုနှစ်အတွင်း စတင်အကောင်အထည်ဖော် တပ်ဖြန့်အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**America’s Patriot Air Defense Goes Full 360 With ‘Over – the – Shoulder’ Strike ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၇၂ ဧကစိုက်ပျိုးပြီးစီး



**ချောင်းဦး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းဧက ၂၃၅၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၇၂ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၂၃၅၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၂၃၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးစွဲမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် ဒီဇင်ဘာလပထမပတ်မှ ယနေ့ထိ ဝယ်ယူအား ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်ကွမ်းရွက်များတစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသဈေးကွက်တွေကလဲ ဝယ်ယူအားကောင်းနေပါတယ်။ ဒီဘက်က ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး" ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုတ်ပိုးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကွမ်းစိုက်ပျိုးသူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အလုပ်အကိုင်အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ထန်းတပင်မြို့နယ် ရေကျော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ထန်းတပင် ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးနိုင်လင်းကိုက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ပြောကြားပြီး ခေတ္တမြို့နယ် ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ထန်းတပင်မြို့နယ် ရေကျော်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၈၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ် ဦးစီးမှူး ဦးနိုင်လင်းကိုက ပြောပြ၍ သိရသည်။


**ကျော်ဦး**







# မိုးကောင်းမြို့နယ် ဇမောက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**မိုးကောင်း ဒီဇင်ဘာ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇမောက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ ဇမောက်ကုန်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်၌ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကျေးရွာလမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရန်၊ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဇမောက်ကုန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် မြေသားနှစ်ပေ၊ သဲကျောက် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ အရှည် ငါးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါးပေရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ ဒသမ ၆၅၀ သန်းဖြင့် Green Kiseki ကုမ္ပဏီမှ ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုစဉ်။

**ရှေ့ဖုံးမှအဆက်**

ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင်မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ်ကက်သလစ်ဘုရားကျောင်းတော်ကြီးသို့ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကြိုဆိုနှုတ်ဆက်ပြီး ခရစ်ယာန်လူငယ်လေးများက ခရစ်ယာန်ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့သည် သီဆိုတီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်လေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ်ကက်သလစ် ဘုရားကျောင်းတော်ကြီးအတွင်းရှိ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ လာရောက်စဉ် အသုံးပြုခဲ့သည့် လှည့်လည်ယာဉ်များကို ကြည့်ရှုပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့လာရောက်စဉ် ဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့၏ ခရစ္စမတ်ဆုတောင်းပွဲများနှင့် မိတ်သဟာယပွဲတော်များကျင်းပပြုလုပ်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားဒုတိယပိုင်းကျင်းပမည့် ဘုရားကျောင်းတော်အတွင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊မြန်မာနိုင်ငံကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ ခရစ်တော်ကိုမျှော်လင့်သော သတ္တမနေ့အသင်းတော် မြန်မာနိုင်ငံသာသနာအဖွဲ့ချုပ် သိက္ခာတော်ရ ဆရာ ဦးဖိုးဖိုးလှက အဖွင့်ဆုတောင်းစကားပြောကြားသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဓမ္မတေးသီချင်းကျူးချေါင်း “အိုသာယာသော မြန်မာပြည်တော်ကျူး” ဓမ္မသီချင်းအား စုပေါင်းသီဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။၎င်းနောက် တေးသံရှင် ပန်းရောင်ခြယ်က ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းအား သီဆိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရာသီသဘာဝနှင့် အခါသမယတို့ပေါင်းစုံချိန်တွင် ယခုကဲ့သို့ ကျရောက်လာသည့် ခရစ္စမတ်ပွဲတော်နှင့်အတူ ခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး ဘာသာတရား၏ မေတ္တာရိပ်အောက်တွင် ချစ်ခြင်းမေတ္တာများနှင့် ငြိမ်းချမ်းသာယာခြင်း ရှိကြပါစေရန် ဆုမွန်ကောင်းဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ခရစ္စမတ်ပွဲတော်သည် လူသားများကြားတွင် ချစ်ခြင်းမေတ္တာတရားများကို လွှမ်းခြုံစေသည့်အပြင် ခရစ်ယာန်ဘာသာဝင်များ၏ မွန်မြတ်သည့် အနှစ်သာရတစ်ခုကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့ လူသားအားလုံး ခိုလှုံရာကမ္ဘာကြီးတွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဆိုသည့် အဓိကဘာသာကြီး လေးမျိုးအဖြစ် သတ်မှတ်ထားသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံစည်းမျဉ်းများ သဖွယ်တွေ့မြင်ကြရမည်လည်းဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက်ငြိမ်းချမ်းသာယာခြင်းများကိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက်ယုံကြည်မိကြောင်း။

လူမှုအဖွဲ့အစည်းတစ်ခုမှစတင်ပြီး လူမှုအသိုက်အဝန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမှသာ လူသားများရှင်သန်ရပ်တည်ရာ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးနှင့် တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတတရားများသည် လူ့အသိုက်အဝန်းကြားတွင် နိုင်လိုမင်းထက်မှုများ၊ သတ်ဖြတ်ညှဉ်းဆဲမှုများစသည့် ဒုစရိုက်တရားများကိုသာ ဆင့်ကဲဖြစ်ပေါ်စေကြောင်း၊ ဘာသာတရားများ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့်ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွင်း ကိုးကွယ်ခွင့်ဆိုင်ရာနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၃၄ တွင် **“ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သောအခွင့်အရေးတို့ကိုအညီအမျှရရှိစေရမည်”**ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မည်သည့်ဘာသာကိုမဆို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ဓမ္မတေးသီချင်းကျူးချေါင်း “အိုသာယာသော မြန်မာပြည်တော်ကျူး” ဓမ္မသီချင်းကို စုပေါင်းသီဆိုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားတွင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**ရင်းနှီးနွေးထွေးသည့် ဘာသာဝင်များကြားမှ အဆိုပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ လေးစားယုံကြည်မှုလျော့ပါးအောင်လုပ်ဆောင်လာသည့် မည်သည့်သွေးထိုးနှောင့်ယှက်မှုမျိုးကိုမဆို မိသားစုစိတ်ရင်းဖြင့် လက်တွဲပူးပေါင်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလို . . .**

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားပြီးဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်းအလျဉ်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆွေမျိုးရင်းချာစိတ်ထားပြီး နိုင်ငံတော်၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**ရင်းနှီးနွေးထွေးသည့် ဘာသာဝင်များကြားမှ အဆိုပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုအပ်ပြီး စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ လေးစားယုံကြည်မှုလျော့ပါးအောင် လုပ်ဆောင်လာသည့် မည်သည့်သွေးထိုးနှောင့်ယှက်မှုမျိုးကိုမဆို မိသားစုစိတ်ရင်းဖြင့် လက်တွဲပူးပေါင်းကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။**

ဘာသာတရားတိုင်းတွင် အကျင့်တရား၊ စောင့်ထိန်းအပ်သောတရားဆိုသည့် ဘုံတူညီမှုများကိုတွေ့ရှိရပြီး အဆိုပါအကျင့်တရားများသည် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှုကို အဓိကအခြေခံထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာဖြူစင်သန့်ရှင်းမှုများသည် လူသားများအတွက် ရုပ်ပိုင်းဆိုင်ရာငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုများကို အင်အားကြီးမားစွာ အထောက်အပံ့ပေးနိုင်ပြီး လူမှုအသိုက်အဝန်းတစ်ခုလုံးကို စည်ပင်သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သဖြင့် ဘာသာတရားသည် မွန်မြတ်သောအဆုံးအမအဖြစ် ခိုင်ခိုင်မာမာယုံကြည်သည်ကို ပြောကြားလိုကြောင်း။

ထိုသို့ ဘာသာတရားများအပေါ်အခြေခံပြီးဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားကာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးပေါ်ပေါက်လာစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ် ငြိမ်းချမ်းစွာလျှောက်လှမ်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ကဲ့သို့ အခါသမယကောင်းဖြစ်သည့် ခရစ္စမတ်ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားတွင် ဦးဆောင်ကျင်းပပေးကြသည့် ခရစ်ယာန်ဘာသာဝင်ဆရာတော်ကြီးများနှင့်ဘာသာဝင်များ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာတစ်ဝန်းတွင် နေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင်များအားလုံး မွေးနေ့တော်မှစ၍ ငြိမ်းချမ်းခြင်းအနှစ်သာရများကို ကိုယ်စီပိုင်ဆိုင်ပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဇေဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဒေါက်တာဦးအေးမင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အထူးဆုတောင်းစကားပြောကြားပြီး မက်သဒ်အသင်းတော်(အောက်မြန်မာပြည်) မက်သဒ် အင်္ဂလိပ်အသင်းတော် သံစုံတီးဝိုင်းအဖွဲ့က ခရစ္စမတ်သံစုံဓမ္မတေးသီချင်းအား သီဆိုတီးမှုတ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ယာန်သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဒေါက်တာမျိုးမြင့်ဦး ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲအတွံ့အပြန်ဖတ်ကြားခြင်းကိုလည်းကောင်း၊ Sister ရှုဖီးက သမ္မာကျမ်းစာဖတ်ကြားခြင်းကိုလည်းကောင်း၊ ခရစ္စမတ်ဓမ္မဒေသနာချီးမြှင့်ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက လည်းကောင်း အသီးသီးဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦး၊ သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်းတို့က ခရစ္စမတ်အမှတ်တရမေတ္တာလက်ဆောင်၊ ခရစ္စမတ်ဆုတောင်းလွှာနှင့် ကျောက်စိပန်းချီကားကိုပေးအပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ထို့နောက် သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရ ဒေါက်တာမောရစ်လျန်နာက ခရစ္စမတ်အခါသမယမိတ်သဟာယမိတ်ဆုံစားပွဲဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် "တိတ်ဆိတ်ည သန့်ရှင်းည" ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။ ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ်ကောင်းချီးဆုမွန်စကားပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များသာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နှစ်သစ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပါစေကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးမိသားစု၊ မြန်မာပြည်သူ၊ ပြည်သားအားလုံး ကောင်းချီးမင်္ဂလာများရရှိပါစေကြောင်းဖြင့် ဆုမွန်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများကိုရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယမိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုထံ ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယမိတ်ဆုံစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ငြိမ်းချမ်းရေးကိုစိတ်ဝင်စားသည့် လူငယ်များ စုပေါင်းပါဝင်ဆွေးနွေးသည့်ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်



**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ ကျင်းပရာ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အခမ်းအနားကို ငြိမ်းချမ်းရေးကိုစိတ်ဝင်စားသည့် လူငယ်များစုပေါင်းပါဝင်ဆွေးနွေးသည့်ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များ၏အသံစုံလင်စွာရရှိရန် စီစဉ်ထားကြောင်း၊ ဖိုရမ်အတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီအလိုက် မိမိတို့လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အသေးစိတ်ကို ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဖိုရမ်တွင် လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများအနေဖြင့် ပါဝင်ဆွေးနွေးမည့် လူငယ်ကိုယ်စားလှယ်များကို သတ်မှတ်ချက်အလိုက် ရွေးချယ်ပေးစေလိုမှု၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ၏ အရေးပါမှုအခြေအနေ၊ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် အစိုးရအဆက်ဆက် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လက်ရှိနိုင်ငံ၏ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် လူငယ်များ၏အခန်းကဏ္ဍ အရေးပါမှုနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏အကြံပြုချက်များ ပေါ်ထွက်လာစေရန်နှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်း၍ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာစာတမ်းတစ်ရပ် ရေးဆွဲတင်ပြနိုင်ရန်တို့ကို ရည်ရွယ်၍ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးပွဲကဏ္ဍများအတွက် သီးခြားရွေးချယ်ထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်လူငယ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်များ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းလူငယ်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် NGO လူငယ်ကွန်ရက်အဖွဲ့များမှ လူငယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် IDP စခန်းများမှ လူငယ်များကို ဖိတ်ကြားနိုင်ရေး စီစဉ်လျက်ရှိပြီး အုပ်စုအသီးသီးမှ လူငယ်ကိုယ်စားလှယ်များအနေဖြင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိသည့် လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီအစည်းအဝေး(၁/၂၀၂၅) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ထိခိုက်ခဲ့ရသည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံသားပိုင် အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းကြီးများသို့ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ချေးငွေများထုတ်ချေးနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေက လွှဲပြောင်းပေးသည့် ငွေကျပ် ၂၁၄ ဒသမ ၀၉၆ ဘီလီယံကို ၂၀၂၀ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်တွင် “ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း” (OA-013830)ကို ဖွင့်လှစ်ထိန်းသိမ်းထားရှိဆောင်ရွက်ခဲ့ကြောင်း၊ ထပ်မံ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ငွေကျပ် ၂၅ ဒသမ ၈၂၁ ဘီလီယံကို ထပ်မံခွဲဝေရရှိခဲ့သဖြင့် စုစုပေါင်းရန်ပုံငွေကျပ် ၂၃၉ ဒသမ ၉၁၇ ဘီလီယံရှိခဲ့ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းကြီးများသို့ ကိုဗစ်-၁၉ အထူးချေးငွေများထုတ်ချေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် “ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့” ဖွဲ့စည်းခဲ့ပြီး ချေးငွေများ စိစစ်ထုတ်ချေးခဲ့ကြောင်း၊ ယခင် ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၂)ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် နောက်ဆုံးကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍသို့ ချေးငွေများထုတ်ချေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း။

ယခုအခါ “ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့”တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ နေကြာသီးနှံနှင့် ဆီထွက်သီးနှံကဏ္ဍများသို့ အသီးသီးထုတ်ချေးခဲ့ကြောင်း၊ ယင်းတို့အနက် အချို့ဌာနများမှာ ချေးငွေများ အပြေအကျေ ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ အချို့လုပ်ငန်းများမှာ ချေးငွေအရင်း၊ အတိုးများကို ပေးဆပ်လျက်ရှိသော်လည်း အချို့လုပ်ငန်းများမှာ ပြန်လည်ပေးဆပ်ရန် သက်တမ်းစေ့ရောက်ခြင်းမရှိသေးကြောင်း၊ သို့ဖြစ်ရာ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ ချေးငွေများထုတ်ချေးထားရှိမှု၊ ပြန်လည်ကောက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် အကျိုးသက်ရောက်မှုသုံးသပ်ချက် (Impact Analysis) လုပ်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း ထူထောင်ခြင်းနှင့် ချေးငွေအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ချေးငွေထုတ်ချေးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ခြောက်လတစ်ကြိမ် မှတ်တမ်းတင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ ချေးငွေထုတ်ချေးမှုများနှင့် ချေးငွေများကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်များတွင် ပြန်လည်ပေးဆပ်နိုင်ရေး ချေးငွေထုတ်ယူထားသော လုပ်ငန်းများနှင့် စဉ်ဆက်မပြတ်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို အကြံပြုသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာအနီးရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပေ ၄၆၀၀ အမှတ်(၂) ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုဘဏ္ဍာနှစ်အတွင်းပြီးစီးအောင် အမြန်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သမဝါယမစိုက်ပျိုးရေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အထွက်တိုးမျိုး၊ သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု ငွေးတောက်ရိုးကျေးရွာနှင့် ဘုန်းကြီးကျောင်းဆက်သွယ်သောလမ်းကို ကြည့်ရှုစစ်ဆေးပြီး သာသနာရေးဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း၍ လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရိစာလမ်းလျာထားဆောင်ရွက်ပေးရန် မှာကြားကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန်ကျည်းကုန်းကျေးရွာလမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ပေ ၂၂၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ လမ်းဘေးဝဲယာရေမြောင်းများ တူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသောလမ်းပိုင်းအပေါ် လာမည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို ဆက်လက်ခင်းပေးနိုင်ရေး တင်ပြချက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး



မန္တလေး ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ်အတွင်း ပြည်ကြီးမျက်မှန်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်များစာရင်း ကပ်ထားကြေညာထားရှိမှုနှင့် လာရောက်ကြည့်ရှုနေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှု၊ ကဋ္ဌနမဟီရပ်ကွက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် တတိယအကြိမ်မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားမှုကို လာရောက်ကြည့်ရှုနေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံးဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲလာရောက်ပေးကြသူများ အဆင်ပြေချောမွေ့စေရေး အလေးထားဆောင်ရွက်သွားရန်နှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အထူးဂရုစိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၇ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၆ နာရီအတွင်း သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲပေးနိုင်ပြီဖြစ်၍ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

❍ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

၃၉ မိနစ်နှင့် ၈၅ မိနစ်တို့တွင် မူစတာဖာ၊ ပွဲချိန် ၈၇ မိနစ်တွင် ကျော်စွာလင်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် လှမင်းအောင်ကသွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းမှ မူစတာဖာက ရရှိခဲ့သည်။

အလားတူ ညနေ ၄နာရီက သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်နှင့် ၆၄ မိနစ်တွင် မျိုးဇော်ဦး၊ ပွဲချိန် ၉၄ မိနစ်တွင် ပြည့်မိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ISPE အသင်းအတွက်သွင်းဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် ခိုင်ရဲဝင်းက သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ရတနာပုံအက်ဖ်စီအသင်းမှ မျိုးဇော်ဦးက ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

☆ **ကျောဖုံးမှအဆက်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်ထိ ၁၀ ဦး စုစုပေါင်း ၂၅ ဦးကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်း၌ပင် ခြင်ဆီအစားထိုး ကုသခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ။

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်သူတွေကို မက်လုံးများစွာနဲ့မြှူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ”**ခေါင်းစဉ်ဖြင့် ၂၄-၁၂-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃၁-၁၂-၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်ဖျက်တွေမျှော်လင့်သလိုဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ဒုတိယအကြိမ်အဖြစ် ၁၄ ရက် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ၂၃-၁၂-၂၀၂၅ ရက်မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ၂၃-၁၂-၂၀၂၅ ရက်မှ ၂၅-၁၂-၂၀၂၅ ရက်ထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ၂၆-၁၂-၂၀၂၅ ရက်မှ ရွေးကောက်ပွဲကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက် မဲပေးခြင်းပြီးဆုံးသည့်အချိန်ထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်မှအပ ကျန်မြို့နယ်များ [ရွေးကောက်ပွဲများကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် ၅၆ မြို့နယ်မပါ] တွင် ၂၃-၁၂-၂၀၂၅ ရက်မှ ၅-၁-၂၀၂၆ ရက်ထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များသိရှိမှတ်သားထားပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံ၌ မဲစာရင်းစိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၌ မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အခြေခံပညာကျောင်းများ၌ မဲရုံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းများ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် မဲပေးနိုင်ရေးကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်ဌာနချုပ်အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) စက်များနှင့်ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုများကို သွားရောက်စစ်ဆေးပြီး မဲရုံဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကာ ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မိုင်းဆတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ဌာနချုပ် အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မြိတ်မြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်ပေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၃

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝိုင်းဝန်းဆွေးနွေးရာတွင် ငလျင်ချေးငွေ နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က စိစစ်တင်ပြထားသော ချေးငွေများ၏ လိုအပ်ချက်များကို အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးရာတွင် ငလျင်ချေးငွေများကို သတ်မှတ် SOP နှင့်အညီ ကိုက်ညီစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များအရ အာမခံအဖြစ် လက်ခံသင့်သော မြေအမျိုးအစားများကို ဆုံးဖြတ်ကြသည်။

ထို့ပြင် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များက ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများက ဆောင်ရွက်ရန်လိုအပ်ချက်များကို သေချာစိစစ်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ချေးငွေထုတ်ချေးနိုင်ရေး ချေးငွေတစ်ခုချင်းအတွက် အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေပမာဏကို ဆွေးနွေးကြပြီး ပိုမိုကောင်းမွန်သည့် ချေးငွေစိစစ်မှု မူဘောင်တစ်ရပ်ရရှိစေရန်အတွက် ဗဟိုကော်မတီအဖွဲ့ဝင်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လွိုင်လင်၊ ပင်လောင်း၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်၊ ပင်လောင်း၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်တို့၌ ဒီဇင်ဘာ ၂၂ ရက်က ဘိန်းစိုက်ခင်း ၂၄၂ ဧကခန့်ကို ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၇ နာရီမှ ညနေ ၃ နာရီခွဲထိ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ကျူနိမ့်ကျေးရွာ၏ အရှေ့ဘက် တစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းဧက ၃၀ ခန့်၊ အရှေ့ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်နှင့် အရှေ့တောင်ဘက် သုံးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်တို့ကိုလည်းကောင်း။

အလားတူ နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီခွဲထိ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က တောင်ပါခါး ခေါ် မီလန်းကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ကိုးဧကခန့်နှင့် မြောက်ပါခါး ခေါ် မီလန်းကျေးရွာ၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၃ ဧကခန့်တို့ကိုလည်းကောင်း။

ထို့အတူ နံနက် ၈ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၁ နာရီထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် ပြင်သာကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၈ ဧကခန့်နှင့် အရှေ့တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်တို့ကိုလည်းကောင်း။

အလားတူ နံနက် ၈ နာရီ မိနစ် ၅၀ မှ ညနေ ၃ နာရီခွဲထိ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် နောင်စုံကျေးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက၂၀ ခန့်ကိုလည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ မိနစ် ၄၀ ထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် ထီတလီးကျေးရွာ၏ အနောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၇ ဧကခန့်ကိုလည်းကောင်း အသီးသီးဖျက်ဆီးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)





# ရှာငံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



နေပြည်တော် ဒီဇင်ဘာ ၂၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် သတင်းအရ ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် သန်းစိုးဝင်း ၄၂ နှစ် သာပေါင်းကျေးရွာ နွားထိုးကြီးမြို့နယ်နေသူ မောင်းနှင်လာသော HYUNDAI PORTER ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀) ဖမ်းဆီးရမိသဖြင့် သန်းစိုးဝင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်(ဝမ်မိုင်)ရှိ လေးဒေ ၁၉ နှစ် ၄ားရမ်းနေထိုင်သည့် နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လီလု ၁၉ နှစ် ကောင်းကိုင်ကျေးရွာ ကတ်ထိုက်ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နှင့် ငြိမ်းချမ်း ၁၇ နှစ် ကိုဖော်ကျေးရွာ နားယောင်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၄၅ သိန်း) ဖမ်းဆီးရမိသဖြင့် လေးဒေ၊ လီလုနှင့် ငြိမ်းချမ်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့်အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်း




နေပြည်တော် ဒီဇင်ဘာ ၂၃


မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၉၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ်အဆောက်အအုံ ၄၁ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့ထိ ရှာဖွေစစ်ဆေးပြီးစီးသည့်အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့်နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ သဲပုံဆိုက်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ ( ၂၃ - ၁၂ - ၂၀၂၅ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | လွိုင်ကော် | ၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |

# ကယ်လီဖိုးနီးယားပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး ကိုးဦးကို အရေးပေါ်ကယ်ထုတ်ပေးခဲ့ရ



**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးကာ အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသည့် ဒေသခံ ကိုးဦးထိရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့်ဒေသခံများကို မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက ကူညီပေးနေကြောင်း၊ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် ရေကြီးရေလျှံမှုဖြစ်သည့်အတွက် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် ဧရိယာအတွင်း နေထိုင်သည့် ဒေသခံများအနေဖြင့် ဘေးလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းရမည်ဖြစ်ကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တစ်ဝန်း ဆိုးရွားတဲ့ရေကြီးရေလျှံမှုနဲ့ ရင်ဆိုင်နေရပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ ဒေသတွေကတော့ စစ်ကိုဂရို့ဖ်ဒေသနဲ့ ပလေစာကောင်တီတို့ဖြစ်ပါတယ်။ ရေလွှမ်းနေတဲ့ဒေသတွေကို မော်တော်ယာဉ်တွေ ဖြတ်သန်းမောင်းနှင်ခြင်းမပြုဖို့လဲ အထူးသတိပေးထားပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူတစ်ယောက် ရှိခဲ့သလို အရေးပေါ်အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ ဒေသခံ ကိုးယောက်ထိရှိပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်ဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပါပူဝါးနယူးဂီနီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကာ အဆောက်အအုံ၊ လမ်း၊ တံတားများ ပျက်စီးခဲ့

**ပို့မော်ရက်စ်ဘီ ဒီဇင်ဘာ ၂၃**

ပါပူဝါးနယူးဂီနီနိုင်ငံတွင် ဒီဇင်ဘာ ၂၂ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အဆောက်အအုံ၊ လမ်း၊ တံတားများ ပျက်စီးခဲ့သည်ဟု နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါလှုပ်ခတ်ခဲ့သည့်ငလျင်သည် မြေအောက်အနက် ၁၀၆ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိခဲ့ကြောင်း၊ ငလျင်သည် အင်အားအနည်းငယ် ပြင်းသဖြင့် ငလျင် လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်၏ အနည်းငယ်ပြင်းထန်သော ပြင်းအားကြောင့် အက်ကွဲသွားသည့် အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ရှိသဖြင့် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်သွားရန်လည်းလိုကြောင်း၊ လက်ရှိတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူသေဆုံးမှု မရှိသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိပြီး အရေအတွက်ကိုမူ စိစစ်ဆဲဖြစ်ကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။



ယနေ့တွင် အဆိုပါငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း ရှင်းလင်းပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# တောင်အာဖရိကနိုင်ငံ ရှမ်နီနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ပရီတိုးရီးယား ဒီဇင်ဘာ ၂၃**

တောင်အာဖရိကနိုင်ငံ ရှမ်နီနယ်မြေတွင် ဒီဇင်ဘာ ၂၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြစ်ရေလျှံတက်ကာ ယနေ့မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း တောင်အာဖရိက အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ ပျက်စီးခဲ့သကဲ့သို့ အခြေခံအဆောက်အအုံများလည်း ပျက်စီးမှုရှိခဲ့ကြောင်း၊ ရေလွှမ်းနေသောဧရိယာများကို ယာယီပိတ်ထားပြီး ဖြတ်သန်းသွားလာမှုမပြုလုပ်ရေးအတွက် သတိပေးချက်ထုတ်ပြန်ထားပြီး ဖြတ်သန်းသွားလာခြင်းမပြုစေရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများကို တာဝန်ချထားကာ စောင့်ကြည့်မှုပြုလုပ်နေကြောင်း၊ အဆိုပါရေကြီးရေလျှံမှုကြောင့် N14 အဝေးပြေးလမ်းမအနီးတွင်လည်း မြေပြိုကျမှုဖြစ်ပေါ်နေပြီး လမ်းမကြီးကို ယာယီပိတ်ထားရသည့်အတွက် ရှမ်နီနယ်မြေတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် ရှမ်နီနယ်မြေအတွက် အဓိကကျတဲ့ N14 အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားပါတယ်။ ဖြတ်သန်းသွားလာခြင်းမပြုဖို့ ကြိုတင်အသိပေးထားပြီးဖြစ်သလို ကယ်ဆယ်ရေး ဝန်ထမ်းတွေကိုလဲ စောင့်ကြည့်သွားဖို့ တာဝန်ပေးထားပါတယ်။ လမ်းပိုင်းတချို့ ပျက်စီးခဲ့ပြီးတော့ ရေစီးနဲ့အတူ အမှိုက်သရိုက်၊ ရွှံ့ညွန်တွေမျောပါလာတဲ့အတွက် လမ်းမကြီးပေါ်မှာ လမ်းပိတ်ဆို့မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မိုးသက်လေပြင်းလဲ ဝင်ရောက်လာတဲ့အတွက် သစ်ပင်ကြီးတွေလဲကျတာတွေ၊ သစ်ကိုင်းကျိုးကျတာတွေ၊ မော်တော်ယာဉ်တချို့ရေစီးနဲ့အတူ မျောပါတာတွေလဲဖြစ်ပေါ်နေတဲ့အတွက် တော်တော်လေးကို အန္တရာယ်များတဲ့ အခြေအနေဖြစ်ပါတယ်"ဟု တောင်အာဖရိက အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရာဒီဘီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ လန်ဒယ်မိုးဒေသတွင် စိုက်ခင်းများသို့ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် တောင်သူများ အရေးပေါ်ကူညီပံ့ပိုးမှုလိုအပ်နေ

**လန်ဒန် ဒီဇင်ဘာ ၂၃**

အင်္ဂလန်နိုင်ငံ လန်ဒယ်မိုးဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး စိုက်ခင်းများသို့ပါ ကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်နေခြင်းကြောင့် တောင်သူများအနေဖြင့် အရေးပေါ်ကူညီပံ့ပိုးမှုလိုအပ်နေကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ခင်းများ ပျက်စီးမှုရှိသည့်အပြင် စီးပွားရေးကဏ္ဍတချို့လဲ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း၊ တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုကို အမြန်ဆုံးကူညီပံ့ပိုးပေးသွားရန် လန်ဒယ်မိုး အာဏာပိုင် အဖွဲ့အစည်းက သဘာဝပတ်ဝန်းကျင် အေဂျင်စီကို ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၂၂ ရက်က စတင်လောင်ကျွမ်းခဲ့တဲ့ တောမီးလောင်ကျွမ်းမှုဟာ စိုက်ခင်းတွေဆီကို ကူးစက် လောင်ကျွမ်းလာခဲ့ပါတယ်။ တောမီးဟာ အန္တရာယ်ရှိတဲ့ အဆင့်ဖြစ်သလို စိုက်ခင်းတွေ ပျက်စီးမှုနှုန်း မြင့်မားခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ ကူညီပံ့ပိုးမှုတွေ လိုအပ်နေပါတယ်။ ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်ခဲ့ရတဲ့ ဒေသခံတွေအတွက် သဘာဝပတ်ဝန်းကျင် အေဂျင်စီကို အကူအညီတောင်းခံစာပေးပို့ထားပါတယ်။ သဘာဝပတ်ဝန်းကျင် အေဂျင်စီအနေနဲ့ တိုက်ရိုက်ကူညီဖို့ ခက်ခဲမယ်ဆိုရင်လဲ လွှတ်တော်မှာ အဆိုတင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တောမီး လောင်ကျွမ်းမှုကိုလဲ အခြေအနေပေါ် မူတည်ပြီးတော့ တောမီးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်ဖို့ စီစဉ်နေပါတယ်"ဟု လန်ဒယ်မိုးလွှတ်တော်အမတ် ကီဗင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် လူဦးရေ ၄ ဒသမ ၆ သန်းကျော် ထိခိုက်နေရဆဲဖြစ်

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၂၃**

ဆိုမာလီယာနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် လူဦးရေ ၄ ဒသမ ၆ သန်းကျော် ထိခိုက်နေရဆဲဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံ လူဦးရေ၏ လေးပုံတစ်ပုံခန့်ဖြစ်သည့် လူဦးရေ ၄ ဒသမ ၆ သန်းကျော်သည် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ အစားအစာရှားပါးလာခြင်း၊ မွေးမြူရေးတိရစ္ဆာန်များသေဆုံးခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အရှုံးပေါ်ခြင်းတို့ ဖြစ်ပေါ်နေကြောင်း၊ မိုးခေါင်ရေရှားမှုကြောင့် ယခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အနည်းဆုံး လူဦးရေ ၁၂၀၀၀၀ စီးပွားရေးအကျပ်အတည်းများ ဖြစ်ခဲ့ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ပြောကြားခဲ့သည်။

ထို့ပြင် မိုးခေါင်ရေရှားမှုကြောင့် အစားအစာရှားပါးလာခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ သေဆုံးခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အရှုံးပေါ်ခြင်းတို့ကြောင့် ငွေကြေးအဆင်မပြေမှုများဖြစ်ကာ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားဦးရေ ၇၅၀၀၀ ကျော် ကျောင်းထွက်ခဲ့ရသဖြင့် ကလေးများ၏ ပညာရေးထိခိုက်ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဆိုမာလီယာနိုင်ငံ အာဏာပိုင်များသည် မွေးမြူရေးနှင့် လယ်ယာလုပ်ငန်းဆိုင်ရာ အသက်မွေး ဝမ်းကျောင်းမှုများ လုံးဝပြိုလဲသွားနိုင်ခြေကို ရှောင်ရှားရန်နှင့် မိုးခေါင်ရေရှားမှုနှင့် ဆက်စပ်သောရောဂါများကြောင့် အသက်ဆုံးရှုံးမှုများကို ကာကွယ်ရန်အတွက် နိုင်ငံတကာမှ အရေးပေါ်အကူအညီများကို တောင်းခံနေကြကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များက ဆိုမာလီယာနိုင်ငံကို ရေ၊ အစားအစာ၊ အာဟာရဖြည့်စွက်စာများ၊ ဆေးဝါးများနှင့် ခိုလှုံယာယီတဲများပံ့ပိုးသွားရန် စီစဉ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ




(၁)

ကျွန်တော့်တို့ရှေ့မှ မြင်ကွင်းများသည် မနေ့က နှင့် သည်နေ့အတွင်းမှာပင် လုံးဝကွဲပြားခြားနားသွားသည်။ လယ်ကွင်းများ၊ ရိုးပြတ်တောများနှင့် ထန်းပင်စုများနေရာတွင် တောအုပ်ညို့ညို့၊ တောင်တန်းစိမ်းစိမ်းနှင့် ခေါင်မိုးနီနီအိမ်များ အစားထိုးဝင်ရောက်လာသည်။ ကျွန်တော် တစ်တန်းနှင့် အစ်ကိုကြီး ငါးတန်းတက်မည့်နှစ်တွင် အညာဒေသက ရွာလေးတစ်ရွာကနေ ပတ္တမြားမြေဟု ခေါ်တွင်အပ်သည့် တောင်ပေါ်မြို့လေးသို့ မိသားစုလိုက် ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။

အမေကြီး၊ အဖေ၊ အမေ၊ အစ်ကိုကြီးနှင့် ကျွန်တော် စုစုပေါင်းငါးဦးဖြစ်သည်။ ထိုအချိန်က အမေသည် ညီမလေးကိုယ်ဝန်ကို လွယ်ထားဆဲဖြစ်သည်။ တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့ခြင်းအတွက် ကျွန်တော်တို့တွင် လုံလောက်သောပြင်ဆင်မှုမရှိဟု ထင်သည်။ အဖေ၏ ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် ဖုတ်ပူမီးတိုက်ဆောင်ရွက်ခဲ့ရသည်။ ရွာမှာတော့ "မင်းအဖေက ဘုရင့်နောင်ထုံး နှလုံးမူတာပဲ"ဟု ပြောစမတ်ပြုကြသည်။ ဘုရင့်နောင်ဖောင်ဖျက်သကဲ့သို့ သေမြေကြီး၊ ရှင်ရွှေထီးဟုဆိုလိုဟန်ရှိသည်။ အဖေက ရည်မှန်းချက်ကြီးသည်။ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးအဖြစ်ထက် ပိုမိုသာလွန်ပြည့်စုံချင်သည်။ တစ်ဖက်တွင် အမေသည် တောင်သူကြီးသမီးဖြစ်သည်။ လယ်ယာကိုင်းကျွန်းများကို ဦးစီးလုပ်ကိုင်ရသည်။ ထိုတောင်သူလုပ်ငန်းကို အဖေ မကျွမ်းကျင်။ ခေတ်ပညာတတ်အဖေသည် အမေ့လယ်တောသို့ မပျော်ပိုက်။ သူ့မိုးကုပ်စက်ဝိုင်းကို ချဲ့ထွင်နိုင်ရန် အပေါင်းအသင်းမိတ်ဆွေများနှင့်အတူ မိုးကုတ်သို့ တက်သွားခဲ့သည်။

မိုးကုတ်တွင် တစ်နှစ်ခန့်ကြာသောအခါ ရွာကို အဖေပြန်လာသည်။ အမေကြီး(အဖေ့အမေ)ကို ဘုရားဖူးတစ်ပတ်သွားနိုင်ရန် စီစဉ်ပေးသည်။ အမေကြီး အိမ်ပြန်မရောက်သေးမီ ပိုင်ဆိုင်သမျှ အိမ်၊ မြေ၊ လယ်ယာ၊ လှည်း၊ နွား အကုန်ရောင်းပစ်လိုက်သည်။ ငွေလက်ငင်းမချေနိုင်လည်း ကိစ္စမရှိ။ အဖေက အကြွေးမှတ်ထားသည်။ နောက်မှတောင်းမည်ဟုဆိုသည်။ အမေသည် အဖေလုပ်သမျှ ကောင်းသည်ဆိုးသည်မပြော။ ခပ်မဆိတ်သာ နေသည်။ ထိုအချိန်က ညီမလေးကိုယ်ဝန်မှာ နေ့စေ့လစေ့ဖြစ်သည်။

"ငါ့သားတွေ ရွာမှာအညွန့်မတုံးအောင် မြို့တက်သူဌေးလုပ်မယ်ကွာ"

အဖေက ကြုံးဝါးသည်။ ကျောင်းများပြန်ဖွင့်ချိန်နွှန်းလထဲတွင် ကျွန်တော်တို့ မိုးကုတ်တက်လာကြသည်။ ဖော့တော(သပိတ်ကျင်းလမ်းခွဲ)ကျော်သည်နှင့် တောတွေတောင်တွေချည်း တောက်လျှောက်တွေ့ရတော့သည်။ အဖေ့ကို တက်တက်ကြွကြွမြင်ရသဖြင့် ကျွန်တော်ပျော်သည်။ အစ်ကိုကြီးကား တုဏှိဘော။ သူက ရွာမှာကတည်းက လူကြောက်တတ်သည်။ ကျွန်တော်ကတော့ အဖေ့အိပ်မက်ကိုယုံသည်။ ကျွန်တော်ယုံသကဲ့သို့ အမေနှင့် အမေကြီးကိုလည်း ယုံစေချင်သည်။ မန္တလေးမှ မိုးကုတ်သို့ ကျွန်တော်တို့ စီးလာသောကားအမည်မှာ "ကြံတိုင်းအောင်"ဖြစ်သည်။ မိုးကုတ်တွင် ကျွန်တော်တို့ ဆောင်တိုင်းမြောက်ကြရန်သာ လိုတော့သည်။

(၂)

အဖေက ပိုင်ဆိုင်မှုမှန်သမျှကို ရွာတွင်ရောင်းချခဲ့ရုံနှင့်အားမရသေး။ ဘုရင့်နောင်ထုံးကို ဆက်ကာဆက်ကာ နှလုံးမူသည်။ ရောင်းချပြီးရသမျှသောငွေကို မိုးကုတ်၌ ဝိုင်းလည်းမဝယ်၊ အိမ်လည်းမဆောက်။ အခြားသူထံ အိမ်ခန်းငှားနေသည်။ လုံးချင်းအိမ်မဟုတ်၊ အိမ်ခန်းဖြစ်၍ကျဉ်းသည်။ မိသားစုငါးဦးဆိုတော့ နေရတာ ကသီသည်။

ရောက်ပြီးသိပ်မကြာမီ ညီမလေးကို မွေးသည်။ နေရထိုင်ရတာ ကျဉ်းကျပ်သော်လည်း ညီမလေးကို ကျွန်တော်တို့ချစ်သည်။ ညီမလေးသည် ကျွန်တော်တို့ညီအစ်ကိုကဲ့သို့ ကျေးတောသူမဟုတ်။ မြို့မှာမွေးသည့်မြို့ကြီးသူ။ နာမည်ကိုပင် ကျောက်မျက်ရတနာအမည်တစ်ခုခုပါရန် မှည့်မည်ဟု အဖေက ဆိုသည်။

အဖေသည်ရှိသမျှငွေဖြင့် ဘုရင့်နောင်ထုံးကို ဆက်သုံးသည်။ အုန်းပင်လုပ်ကွက်တွင် ဖက်စပ်လုပ်သည်။ ရွာကလူငယ်များကို ထပ်ခေါ်သည်။ နေစရိတ်စားစရိတ်စီမံပေးသည်။ တိရစ္ဆာန်ဆေးကုခြင်းလုပ်ငန်းသည် သူနှင့် လုံးလုံးမျှသက်ဆိုင်ခြင်းမရှိစေရ။ အချိန်ရှိသမျှ တွင်းဆင်းသည်။ တွင်းတောမှာသာ အချိန်ကုန်သည်။

ရတနာတွေဖင်ခုထိုင်ထားသည့်မြို့တွင် အဖေ သူဌေးအိပ်မက်မက်တာ အဆန်းမဟုတ်။ ရောက်စက မပျော်မရွှင်ဖြစ်နေသောအစ်ကိုကြီးပင်လျှင် အဖေ့အိပ်မက်များ ကူးစက်လာပုံရသည်။ စာသင်ခန်းကိုကျောခိုင်းပြီး လုပ်ကွက်တွေဘက် ကူးချင်လာသည်။ စာသင်ခန်းတွင်မပျော်သောသားနှင့် ပညာတတ်ဖြစ်စေချင်သောဖခင်တို့ အနည်းငယ်ပွတ်တိုက်လာသည်။

ကျွန်တော်ကတော့ စာသင်ခန်းတွင် ရှေ့ဆုံးက ပြေးနေရတာပျော်သည်။ ရွာသားမို့အထင်သေးမခံနိုင်ဘူးဆိုသည့်အငုံစိတ်လေး ရှိနေဟန်တူသည်။ ဒါမှမဟုတ် တစ်တန်းဆိုတော့ မြို့ကျောင်းနှင့် တောကျောင်း အခြေခံအားဖြင့်သိပ်မကွာသေး၍ စာလိုက်နိုင်သောကြောင့်လည်း ဖြစ်နိုင်သည်။

အဖေလည်းကံကလေးလိုက်လာသည်။ ကျောက်ကလေးဘာလေး အသင့်အတင့်ရသည်။ အလုပ်သမားများသဖြင့် စရိတ်ကျေရုံဖြစ်သော်လည်း ရှေ့ဆက်တိုးရန် အဖေ့အတွက် ခွန်အားဖြစ်စေပုံရသည်။

"ကလေးတွေအတွက် ဝပ်ကျင်းလေးတော့ ဝယ်ထားအုံးမှ"

အဖေ မြေကလေးတစ်ကွက် ဖွဲ့ဝယ်လိုက်သည်။ အိမ်တော့ မဆောက်ဖြစ်သေး။ ကျွန်တော်တို့သည် ကောင်းကင်ကိုကြည့်၍ မိုးကိုမတွေ့နိုင်။ တိမ်သည် တိမ်သာဖြစ်၏။ မိုးစက်မိုးပေါက်များမဟုတ်။ ကောင်းကင်က ကြည်လင်နေ၍ ရာသီဥတုသာယာသည်ဆိုသော်လည်း ကောက်ကာငင်ကာ မိုးရွာချင်ရွာလာတတ်သည်။ သဘောမှာ ဘယ်အရာမှ အစိုးမရ။ ရောက်ပြီး တစ်နှစ်လောက်အကြာတွင် အစစအဆင်ပြေနေသော ကျွန်တော်တို့ကောင်းကင်၌ မိုးမှောင်ကြီးကျလာသည်။ ငှက်ဖျားရောဂါအပြင်းအထန်ဖြစ်ပြီး အဖေဆုံးသွားသည်။

ကျွန်တော်တို့ ကြုံတွေ့ရတာက လေ့လှော်တုန်းတက်ကျိုးခြင်းမဟုတ်။ လှေပါမှောက်သွားခြင်းဖြစ်သည်။ အစ်ကိုကြီး ငါးတန်းတစ်ခါကျ၊ ကျွန်တော် နှစ်တန်းတက်၊ ညီမလေးအခါလည်ကျော်သမီး၊ အမေကြီး အသက်ခုနစ်ဆယ်။ မိုးကုတ်စစ်မြေပြင်တွင် အမေနှင့်အတူ တိုက်ပွဲဝင်ရန်ကျန်ရစ်ခဲ့သော ရဲဘော်ရဲဘက်များဖြစ်သည်။ မျှော်လင့်ချက်ကြီးစွာဖြင့် အဖေမက်ခဲ့သောအိပ်မက်သည် ကျွန်တော့်အတွက် နည်းနည်းခါးသွားသည်။

(၃)

အမေ့တွင် ရွေးချယ်စရာနည်းလမ်းနှစ်သွယ်ရှိသည်။ ရွာပြန်၊ မိဘညီအစ်ကိုမောင်နှမများဆီ အကူအညီတောင်း၊ တောင်သူပြန်လုပ် သို့မဟုတ် ရောက်ရာအရပ်မှာဆက်နေ၊ အဖေ မအောင်မြင်ခဲ့သောတိုက်ပွဲကို ဆက်တိုက်။ ကျွန်တော်တို့အင်အားကို ယုံလို့ထင်သည်။ ဒုတိယနည်းလမ်းကို အမေ ရွေးချယ်ခဲ့သည်။ ကျွန်တော်တို့ အိမ်ခန်းမငှားတော့။ ဝယ်ထားသောဝိုင်းမှာ အိမ်လေးဆောက်သည်။ အဖေ့လုပ်လက်စတွင်းလုပ်ငန်းကို ရပ်လိုက်သည်။ အစ်ကိုကြီးရော၊ ကျွန်တော်ရော ဦးစီးဦးဆောင်လုပ်နိုင်သေးတာမဟုတ်။ အမေက ရှိသည့်အရင်းအနှီးလေးစိုက်ထုတ်ပြီး ကျောက်ပညာသင်သည်။ ဒေသထုံးစံရှိသည်။ ပညာသင်က အရင်းအနှီးစိုက်၊ ဆရာက ပညာစိုက်။ အကျိုးအမြတ်ကိုခွဲယူ။ သင့်လျော်သည့်အချိန်တွင် သီးခြားခွဲထွက်။

ကျောက်ပညာသင်သည်ဆိုသည်မှာ အမေ့အတွက် စွန့်စားခန်းကြီးဖြစ်သည်။ အမေ့ကျွမ်းကျင်မှုမှာ လယ်ယာမြေဖြစ်သည်။ အမေ့အာရုံဝင်စားမှုမှာ တောင်သူလုပ်ငန်းဖြစ်သည်။ ပြီးတော့ အမေသည် ဆရာကြီးဦးဖိုးကျား၏ သွက်လက်ချက်ချာသော မယ်မျှင်မဟုတ်။ မိရိုးဖလာလုပ်ငန်းတွင် လေ့ကြိုးထိုးရိုးရိုးလုပ်ကိုင်ခဲ့သူဖြစ်သည်။ သို့သော် သွားလေသူ အဖေ့ကိုအောက်မေ့၍ ကျွန်တော်တို့ကို မိုးကုတ်မြေပေါ် ရှင်သန်နိုင်စေရန် ကြိုးပမ်းခဲ့သည်။ အမေသည် ထိုက်သင့်သော ကျောက်ပညာဖြင့် စားဝတ်နေရေးလှေကိုသာမက ကျွန်တော်တို့ ပညာရေးအတွက်ပါ ရွက်တပ်ပေးသည်။ အထူးသဖြင့် အမေ့စုကျောက်ကလေးများဖြစ်သည်။ သည်အကြောင်းကို ကျွန်တော်ပြောပြချင်သည်။

(၄)

"အမေ၊ ဒီကျောက်လေးတွေကို သပ်သပ်ဖယ်ထားတာလား၊ လှတယ်နော်"

"အေးကွဲ့၊ စုကျောက်ခေါ်တာပေါ့။ အရည်ကောင်း အရွယ်ညီတာလေးတွေ သပ်သပ်ရွေးဖယ်ထားတာ"

"လှပေမဲ့ နည်းတော့နည်းတယ် အမေရ"

"နည်းဆို အမေက အရင်းမပျောက် စုရတာလေ၊ လှူဖို့တန်းဖို့ တစ်ဖွန်းဆီ တစ်ဆုပ်ဆန် စုသလိုပေါ့ကွယ်။ တစ်နေ့ နည်းနည်း နည်းနည်းနဲ့ စုလို့စုမှန်း မသိဘူး၊ နောက်တော့ အများကြီးဖြစ်သွားတာပေါ့"

အမေ့လက်မှ ထာ(ကျောက်ထည့်ကြည့်သည့်ကြေးလင်ပန်းအသေး)ထဲတွင် အနီရောင်ကျောက်ပွင့်ကလေးတွေက အစွမ်းကုန်တောက်ပနေကြသည်။ ထိုအထဲကမှ အလှဆုံးသောကျောက်ပွင့်လေး နှစ်ပွင့်ကို အမေက ဘူးကလေးထဲထည့်သည်။ အမေ့စုကျောက်ကလေးများဖြစ်သည်။ ဖလင်လိပ်ထည့်သည့် ဖြူဖြူရှည်ရှည် ကော်ဘူးအမာလေးက ချစ်စရာကောင်းသကဲ့သို့ စုကျောက်ကလေးများကလည်း ချစ်စရာ။

သုံးလေးလနေလျှင်တော့ ထိုစုကျောက်လေးများကိုရောင်းချပြီး အရင်းအနှီးတစ်ခုပြန်ပြုသည်။ တစ်ခါတစ်ရံတော့လည်း ကျွန်တော်တို့မိသားစု၏ အခက်ခဲဆုံးအချိန်များကို ထိုစုကျောက်ကလေးများ၏ အားဖြင့် ကျော်ဖြတ်ရသည်။ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်ထိ အမေသည် စုကျောက်ကလေးများကို ပုံမှန်စုနေဆဲဖြစ်ကြောင်း တွေ့ရလေသည်။

(၅)

"အမေ"

"ပြောလေ ငါ့သား"

"အမေ စုကျောက်လေးတွေ စုနေတုံးလား"

စာမျက်နှာ ၂၅ သို့ á

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရေဦး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၄၅၂၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခေါင်းပွ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် အခြားရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေတာပါ။ နိုဝင်ဘာလပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့အားကောင်းလာတာပါ။ လက်ရှိမှာလဲ ငါးခေါင်းပွတွေ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနေရပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းနယ်ပယ်အသီးသီးကလူတွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခေါင်းပွများ နေ့စဉ် တင်ပို့ရောင်းချနေရသည့်အတွက် ငါးမွေးမြူသူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## စာဖတ်ပါ

- စာပေကို ချစ်မြတ်နိုးလို့
  စာတန်ဖိုး သိပါကွယ်၊
  စာပေသည် ဘဝလမ်း
  တက်လှမ်းငြိမ်းသဖွယ်၊
  စာပေကြောင့် ဂုဏ်တင့်တယ်
  ကိုယ့်မျိုးနွယ် ကမ္ဘာ့တစ်လွှား၊
  နိုင်ငံ့ဂုဏ် စိတ်မှာလွှမ်းလို့
  လျှောက်လှမ်းဝင့်ကြွား။

- စာပေကို ဖတ်ပါများ
  နှလုံးသား သောကစင်၊
  နေ့တိုင်းကွယ် မြင်သမျှ
  လှပချစ်ခင်၊
  မေတ္တာစိတ် မေတ္တာဝင်
  ချစ်စိတ်ဝင် အမုန်းကင်း၊
  စာပေသည် လူ့ကောင်းကျိုး
  သယ်ပိုးဆောင်ကြဉ်း။

- စာပေသည် အမှောင်ခွင်း
  ဉာဏ်အလင်း ရောင်ခြည်ဖြာ၊
  ဦးတည်နေ ခရီးလမ်း
  ပန်းမွှေ့ရာပမာ၊
  လူ့ဘဝ အနှစ်ရှာ
  ကောင်းကျိုးသာ ဆောင်ရွက်ပေး၊
  လောကီရယ် လောကုတ်
  အားထုတ်စို့လေး။ ။

**ချစ်သက်(မြန်မာစာ)**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ အောက်ပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲ စာစောင်ပါလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးထား ကြောင်း သိရသည်။

**ကိုညီ**

á စာမျက်နှာ ၂၄ မှအဆက်

"အေးကွဲ့"

တစ်ဖက်မှ ဖုန်းလိုင်း ခေတ္တပြတ်တောက်သွားသည်။

"စုကျောက်ဆိုလို့ ငါ့သားကို အမေ မှာရအုံးမယ်"

"ပြောပါ အမေ"

"အရည်အသွေးကောင်းတဲ့ ကျောက်ကလေးတွေတော့ အမေဆက်စုနေတာပေါ့ကွယ်။ အရေးအကြောင်းဆို ကိုယ့်ကိုထောက်ပံ့နိုင်တာ ဒါပဲရှိတာကိုး။ ဒီထက်အရေးကြီးတာ ရှိသေးတယ်ကွဲ့။ အမေက ငါ့သားကို စုကျောက်ထက် ကောင်းတာလေးတွေ စုခိုင်းချင်လို့။ အမေလဲ စပြီး စုနေပြီ"

"ဘာများလဲ အမေရဲ့"

"အေး အရိုးဆုံးက အဆန်းဆုံးဆိုသလိုပဲ။ အမေပြောရင် ငါ့သား ပညာတတ်ကြီးက စောဒကတက်မှာလဲ စိုးရသေး"

သည်နေရာအရောက်တွင် နှစ်သက်ကြည်နူးစွာ အမေပြုံးနေမည်ဆိုတာ ကျွန်တော်သိသည်။ သာမန်ဘဲ့ရှုဖြစ်သော ကျွန်တော့်မှာသာ အမေ့အထင်ကြီးမှုအောက်တွင် လိပ်ပြာမလုံချင်။

"ဆက်ပြောပါ အမေ"

"အမေတို့နောင်ရေးအတွက် စိတ်အေးရအောင် အရည်အသွေးကောင်းတဲ့ ကျောက်ကလေးတွေစုသလို ကုသိုလ်ကို စုကွဲ့။ စုကျောက်စုတဲ့အခါ အဖျင်းအမှော်ကိုမစုဘဲနဲ့ ကောင်းတဲ့ကျောက်ကလေးတွေ ရွေးစုသလိုပဲ ကိုယ့်စိတ်ရဲ့ ကောင်းတဲ့အရည်အသွေးလေးကို တစ်နေ့ထက်တစ်နေ့ တိုးတိုးပြီးစုနိုင်အောင် ကြိုးစားပေါ့ကွယ်။ အမေက ငါ့သားကို ဒါလေးမှာချင်တာ"

ဖုန်းလက်ကိုင်စကားပြောခွက်ကို ကျွန်တော် ကြည်နူးစွာ ဖိကပ်ထားမိသည်။ သားအပူ၊ သမီးအပူတို့ဖြင့် လောကဓံပြေးလမ်းပေါ်တွင် ဘယ်တော့မှလက်နက်မချခဲ့သောအမေ။ မာနနှင့် လိမ်းကျံထားသည့် ဦးခေါင်းတစ်လုံးဖြင့် သတ်ကွင်းများစွာကို ဖြတ်ကျော်ခဲ့သောအမေ။

အခုတော့ အမေ့အသံသည် နှင်းရည်စိုစွတ်သော သစ်ရွက်ခြောက်ကလေးကဲ့သို့ နူးညံ့ပျော့ပျောင်းနေသည်။ တောအုပ်ကိုဖြတ်သန်းစီးဆင်းလာသောစမ်းချောင်းလေးကဲ့သို့ ကြည်လင်အေးမြနေသည်။

အမေသည် အဖေကျဆုံးခဲ့ရသော မိုးကုတ်စစ်မြေပြင်ကိုသာမက လောကစစ်မြေပြင်ကိုပါ နိုင်အောင်တိုက်နိုင်ခဲ့ပြီဟု ကျွန်တော်ယုံသည်။

# ဥပဒေအကျိုးသက်ရောက်မှုမရှိသော ကြော်ငြာများ

စိန်လှိုင်ဖိုလ်

နေ့စဉ်ထုတ်သတင်းစာများ၏ အမျိုးအစားစုံလင်လှသော ကြော်ငြာကဏ္ဍတွင် နေ့စဉ်လိုလိုပင် တွေ့မြင်နေရသော ကြော်ငြာတစ်ခုကို စာဖတ်သူများလည်း မြင်ကြ၊ တွေ့ကြမှတ်မိကြပါလိမ့်မည်။ ခေါင်းစဉ်အမျိုးမျိုးပြောင်းလဲ၍ ကြော်ငြာနေကြသော်လည်း ကြော်ငြာရှင်၏ ဆိုလိုရင်းအနှစ်သာရမှာ သားအဖြစ်မှ စွန့်လွှတ်ခြင်း၊ သမီးအဖြစ်မှစွန့်လွှတ်ခြင်း၊ ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း၊ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း၊ မသက်ဆိုင်တော့ကြောင်း၊ မပတ်သက်တော့ကြောင်း စသည့်ကြော်ငြာများဖြစ်သည်။ အထက်ပါကြော်ငြာများကို ဥပဒေပညာရှင် ရှေ့နေကြီးများကလည်းကာယကံရှင်၏ လွှဲအပ်ချက်အရဟုဆိုကာ ၎င်းတို့၏အမည်တပ်၍ ကြော်ငြာများ ထည့်သွင်းဖော်ပြနေခြင်းဖြစ်သည်။

သတင်းစာသမား၊ ဥပဒေသမားဖြစ်သော စာရေးသူသည် လွန်ခဲ့သောနှစ်များကပင် သားစွန့်၊ သမီးစွန့်၊ ဇနီးစွန့်၊ ခင်ပွန်းစွန့်ခြင်းကို သတင်းစာတွင် ကြော်ငြာရုံမျှဖြင့် တရားဝင်မှုမရှိကြောင်း၊ အကျိုးသက်ရောက်မှုမရှိကြောင်း ဆောင်းပါးရေးသားခဲ့ဖူးသည်။ သို့ရာတွင် ထိုသို့သော ကြော်ငြာများစွာကို ယနေ့ထိတိုင် သတင်းစာအသီးသီး၏ ကြော်ငြာကဏ္ဍတွင် နေ့စဉ်လိုလိုပင် တွေ့မြင်နေရဆဲဖြစ်သည်။ ရှေးယခင်ကထက်ပင် ပို၍တောင်များလာသေးသည် ထင်ပါသည်။

စာရေးသူထံသို့လည်း အထက်ပါကြော်ငြာမျိုးကို ရှေ့နေအနေဖြင့် သတင်းစာတွင် ထည့်သွင်းပေးပါရန် လာရောက်အပ်နှံ အကူအညီတောင်းခံဖူးသည်။ သားဖြစ်သူ၊ သမီးဖြစ်သူက မိဘသဘောမတူသူနှင့် ခိုးရာလိုက်ပြေးသည်။ မိဘစိတ်ဆင်းရဲရသည်။ ထို့ကြောင့် စွန့်လွှတ်ကြောင်း ကြော်ငြာထည့်သွင်းလိုကြသည်။ အချို့သော သားသမီးများသည် မူးယစ်ရမ်းကားရန်ပြုသည်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးထိုး၍ အကြွေးတင်သည်။ အကြွေးရှင်ဖြစ်သူက ၎င်းတို့ထံ အကြွေးတောင်းမရသဖြင့် မိဘထံလာတောင်းသည်။ ထိုသို့ အတောင်းမခံလိုကြသည့်အတွက် အကာအကွယ်အနေဖြင့် မသက်ဆိုင်ကြောင်း သားစွန့်၊ သမီးစွန့် ကြော်ငြာချင်ကြောင်းပြောဆို၍ အကြံဉာဏ်နှင့် အကူအညီတောင်းလာကြခြင်းဖြစ်သည်။

ထိုသို့ ကြော်ငြာခြင်းဖြင့် သားသမီးပြဿနာကို မိဘကခေါင်းခံမဖြေရှင်းလိုသဖြင့် ဘေးဆီးရန်ကာ ဖြစ်စေရန်သာ အပေါ်ယံအကာအကွယ်ဖြစ်ပြီး ဥပဒေအရမူ စူးရှထိရောက်မှုမရှိကြောင်း ၎င်းတို့ကို ရှင်းပြရသည်။ အချို့မိဘက ခေါင်းညိတ်သဘောတူ လက်ခံသည်။ အချို့မိဘက စာရေးသူ၏ ရှေ့နေအမည်ဖြင့် မထည့်ပေးလျှင် ၎င်းတို့၏ အမည်ဖြင့်ပင် ထည့်မည် ပြောပြီး ကြော်ငြာထည့်ကြသည်။ ထို့ကြောင့် ကြော်ငြာကဏ္ဍတွင် ကာယကံရှင်များကိုယ်တိုင် ကြော်ငြာသူအဖြစ်လည်းကောင်း၊ လွှဲအပ်ချက်အရဟုဆိုကာ ရှေ့နေကြီးများကလည်းကောင်း ကြော်ငြာများထည့်သွင်းနေကြခြင်းဖြစ်သည်။

ဤနေရာတွင် ဥပဒေသမားက ဥပဒေစကားပြောချင်၍ ဤဆောင်းပါးကို ရေးရခြင်းဖြစ်သည်။ ကိုယ်တိုင်လိုက်ပါဆောင်ရွက်ခဲ့ဖူးသော အမှုတစ်ခုတွင် သားဖြစ်သူက မိဘဆိုဆုံးမသည်ကို မနာခံသည့်အပြင် မိသားစုဝင်ညီမများကို ဆဲဆိုရိုက်နှက်ခြင်းပြု



ရာ ဝင်ရောက်ဖျန်ဖြေသည့် မိခင်ကိုပင် တွန်းထိုးဆွဲငင်သဖြင့် ဒဏ်ရာရရှိခြင်း၊ မိဘနှစ်ပါးလုံးအပေါ် မိုက်ရိုင်းစော်ကား ရင့်သီးစကားပြောဆိုခြင်းကြောင့် မည်သို့မျှသည်းမခံနိုင်တော့သဖြင့် သားဖြစ်သူကို နေအိမ်ပေါ်မှ နှင်ချသည်။ အိမ်ပေါ်ကမဆင်းသည့်အပြင် ပိုမိုသောင်းကျန်းလာသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းလိုကြောင်း လာရောက်တိုင်ပင်သည်။ ထိုသို့ ကြော်ငြာရုံမျှဖြင့် အမွေဆက်ခံခွင့် မဆုံးရှုံးကြောင်း ရှင်းပြသည်။ သွန့တ္တသားဖြစ်ကြောင်း (ခွေးနှင့်တူသောသား)ဟု တရားရုံးတော်က ဆုံးဖြတ်မှသာ အမွေဆက်ခံပိုင်ခွင့်ဆုံးရှုံးမည်ဖြစ်ကြောင်း ရှင်းပြရာ သဘောပေါက်ပြီး တရားစွဲဆိုခဲ့ရဖူးသည်။ အဆိုပါအမှုကို လိုက်ပါဆောင်ရွက်ခဲ့ရသည်။

သွန့တ္တဆိုသည်မှာ ခွေးနှင့်တူသော သားသမီးဟုခေါ်သည်။ ထိုအမှုကို ခရိုင်တရားရုံးတွင် စွဲဆိုရာ ဖခင်ဖြစ်သူက တရားလိုဖြစ်သည်။ မိခင်နှင့် ညီမများက ရုံးရှေ့တွင် မျက်ရည်လည်ရွဲဖြင့် ၎င်းတို့ခံစားရသည်များကို သက်သေအဖြစ် ထွက်ဆိုအစစ်ခံကြသည်။ သို့ရာတွင် နောက်ဆုံးရုံးမှ အမိန့်ချမှတ်ရာ "သားအရင်းနှင့် မိဘအရင်းကြား ဒေါသအလျောက် လတ်တလောစိတ်ခံစားချက်ဖြင့် တရားစွဲဆိုခဲ့သော်လည်း မိဘနှင့်သားသမီးဖြစ်၍ နောင်တွင် သည်းခံခွင့်လွှတ်ကြမည်ဟု ထင်မြင်ယူဆလျက် တရားလိုစွဲဆိုသည့်အမှုကို ပလပ်ခြင်း" ခံခဲ့ရသည်။

မိဘနှစ်ပါးသည် တရားရုံးက အမိန့်ချသည့်နေ့တွင် ရုံးမှာပင် ငိုယိုကြသည်။ သမီးများကလည်း ငိုကြသည်။ ၎င်းတို့၏ ရှေ့နေဖြစ်သော စာရေးသူကို ခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်စေရန် အထက်အဆင့်မြင့်တရားရုံးသို့ အယူခံမှုတင်သွင်း လျှောက်ထားပေးပါမည့်အကြောင်း တိုင်းတရားရုံးတော်သို့ ဆက်လက်အကူအညီတောင်းကြသည်။ အယူခံဝင်ရောက်ရာ မိဘနှစ်ပါးနှင့် ညီမများ၏ ဆန္ဒပြည့်ဝသွားသည်။ တိုင်းတရားသူကြီးက အယူခံမှုကို လက်ခံပြီး ခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အမွေဆက်ခံခွင့်မရှိသော သွန့တ္တသားဖြစ်ကြောင်း စွဲဆိုလျှောက်ထားမှု အောင်မြင်ခဲ့သည်။

ဤနေရာတွင် သွန့တ္တသားသမီးနှင့် ပတ်သက်၍ လမ်းညွှန်စီရင်ထုံးများကို ဥပဒေပညာရှင် ဆရာကြီး ဦးမြစိန်၏ "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ဒသမအကြိမ် ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ခြင်းစာအုပ် စာမျက်နှာ ၂၉၀ မှ ကောက်နုတ်တင်ပြမည်။

"မိဘတို့ဆိုဆုံးမသောစကားကို မယုံကြည်သော နားမထောင်သော သားသမီး၊ မိဘတို့ပြုခဲ့သောအမှုများကို ဖျက်ဆီးသော သားသမီး၊ အကျင့်မကောင်းသော သားသမီး၊ မိဘစကားကို အာဏာဖီဆန်၍ ကျင့်သော သားသမီး၊ မိဘကို ဆဲရေးသတ်ပုတ်သော သားသမီးများသည် မိဘအမွေကို ဆက်ခံခွင့် မရှိကြောင်း ဓမ္မသတ်ကျမ်းများ၌ ပြဆိုသည်။"

"မိဘဩဇာကို မနာခံ မိဘအားတော်လှန်ပြီး ရန်သူသဖွယ်ပြုကျင့်သည့် သားသမီးများကို သွန့တ္တ (ခွေးနှင့်တူသော သားသမီး) ဟု ခေါ်နိုင်သည်။ ထိုသားသမီးမျိုးသည် သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားသည်ဖြစ်ရာ မိဘ၏ အမွေကို မဆက်ခံနိုင်။ သို့ရာတွင် တရားရုံး၌ သားသမီးတစ်ဦးသည် မိဘကို ရန်သူသဖွယ်ပြုမူကြောင်း ထင်ရှားအောင်ပြရမည်ဖြစ်ပေသည်။" **မမြမေနှင့် မောင်ဘထွန်း ဘီအယ်အာ ၂၂၄၊ ဦးဖိုးဦးနှင့် မောင်အေးမောင် ၁၁ ရန်ကုန် (၃၉)၊ မတင်ရွှေနှင့် စောင်ကံပြီး ၂ ယူဘီအာရ် (၁၈၉၇-၁၁) (၁၄၂)။**

အထက်ပါလမ်းညွှန်စီရင်ထုံးများအရ အမွေပြတ်စွန့်လွှတ်နိုင်ရန်မှာ အများသိစေရန် သတင်းစာတွင် ကြော်ငြာရုံမျှဖြင့် တရားဝင်လုံလောက်ခြင်း အကျိုးသက်ရောက်ခြင်းမရှိဘဲ တရားရုံး၏ အဆုံးအဖြတ် (သွန့တ္တ) ဖြစ်မှသာလျှင် အမွေပြတ်ခြင်း၊ အမွေဆက်ခံခွင့်ဆုံးရှုံးခြင်းဖြစ်ကြောင်း တင်ပြရခြင်းဖြစ်သည်။

နောက်ပိုင်းတွင် "မြန်မာ့ဓလေ့ထုံးတမ်းအရ သားသမီးသည် မိဘစကားကို နားထောင်ရသည်။ သားသမီးဝတ္တရားကျေပွန်ရသည်။ မိဘစကားနားမထောင်သော မိဘ၏ဆုံးမမှုမနာခံသော သားသမီးကို မိဘက နှင်ထုတ်ခွင့်ရှိသည်။" **ကိုအုန်းမြိုင်ပါ ၂ နှင့် ဦးသင်းမောင်ပါ ၂၊ ၁၉၉၂ မြန်မာနိုင်ငံတရားစီရင်ထုံး ၁၈၂ ထွက်ရှိခဲ့ဖူးသည်။ သို့ရာတွင် သွန့တ္တသားသမီးဖြစ်မှသာလျှင် အမွေဆက်ခံခွင့်မရှိကြောင်းမှာ တည်နေဆဲဖြစ်သည်။**

မိဘနှင့် သားသမီးကြား စွန့်လွှတ်ခြင်းနှင့် ပတ်သက်၍ လမ်းညွှန်စီရင်ထုံးများဖြင့် အထက်တွင် ကိုးကားတင်ပြခဲ့သည်။ ထို့နည်းတူ နှစ်ဦးသဘောတူ ချုပ်ဆိုထားကြသော စာချုပ်မရှိဘဲ ဇနီးနှင့် ခင်ပွန်း ပြတ်စဲကြောင်း တစ်ဖက်သတ်ကြော်ငြာခဲ့ပါလျှင် အာနိသင်မရှိဖြစ်ပါလိမ့်မည်။ တရားရုံးတော်၏ အဆုံးအဖြတ်ရှိပြီးဖြစ်မှသာလျှင် ဇနီးနှင့်ခင်ပွန်းကြား ကြော်ငြာ၏အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၄၈၈၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်




**ပုသိမ် ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၄၈၈၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၀၄၁၀၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးခင်းများကို ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၉၄၈၈၇ ဧကထိ ပြန်လည် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး လျာထားဧက ၂၀၀၀၀၀ ကျော်ထိ စိုက်ပျိုးခဲ့ပါတယ်။လက်ရှိစပါးဧက ၉၄၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှံ့ခရုကြောင့် ပျက်စီးဆုံးရှုံးတာမရှိစေဖို့ ရွှံ့ခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပြီးစိုက်ပျိုးခဲ့ပါတယ်။ အခုနှစ် မိုးစပါးတွေ အထွက်နှုန်းကောင်းနေပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့တာက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့်ပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ငပုတောမြို့နယ်တွင် ပြန်လည် ရိတ်သိမ်းခဲ့သည့်စပါးများ တစ်ဧကလျှင် ၁၀၅ ဒသမ ၁၈ တင်းထိ ထွက်ရှိခဲ့ကြောင်း၊ အဆိုပါမိုးစပါးများကို စိုက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ စပါးများအထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်းစပါးများကို စနစ်တကျစိုက်ပျိုးနိုင်ရေး ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကုန်းတောင်း(တ)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကုန်းတောင်း(တ)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ဒေသအသားတိုးနွားမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကုန်းတောင်း(တ)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ပြိုင်စံရားအဖွဲ့၊ အောင်နိုင်သူအဖွဲ့၊ ကမ္ဘာကျော်အဖွဲ့နှင့် ဇမ္ဗူကျော်အဖွဲ့ (၄) ဖွဲ့မှ ဒေသအသားတိုးနွားမွေးမြူရေးလုပ်ငန်း သတ်မှတ်အကောင်ရေ ပြည့်မီခြင်းရှိ၊ မရှိ ဆိုင်းဘုတ်စိုက်ထူ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)နှင့်ပတ်သက်၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ (RBF)စီမံကိန်းခွင့်ပြုငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီး ရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် ရည်ရွယ်၍ RBF စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်ကံရှိ စိမ်းရတနာကျောက်စိမ်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးမိသားစုက ကွယ်လွန်သူ ဦးချိုအားရည်စူး၍ နှစ်စဉ်ဆွမ်းအလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၇၇၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၇၇၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၇၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကုလားပဲ ၅၂၀၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၇၇၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာလဲ အထွက်နှုန်းတွေ တိုးတက်စေဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက် ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)၊ ရေဆင်း (၁၁) ကုလားပဲမျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရမည်းသင်းမြို့နယ် ဈေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း ပြုလုပ်

**ရမည်းသင်း ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဈေးကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်းကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နီလာ**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြ၍ သိရသည်။


ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငါးမြစ်ချင်းပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက ငါးမြစ်ချင်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချနေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ငါးမြစ်ချင်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ပြည်တွင်းမှာ ငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ အခု ငါးမြစ်ချင်းတစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးမြစ်ချင်းများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ခရစ္စမတ်ကာလတွင် အေးချမ်းပျော်ရွှင်ကြပါစေ

မောင်စိန်အိ(နဘဲမြေ)

နှစ်စဉ် ဒီဇင်ဘာ ၂၅ ရက်တွင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူ သန်း ၂၀၀၀ ကျော်သည် ခရစ္စမတ်နေ့အခမ်းအနားများကို ပျော်ရွှင်ချမ်းမြေ့စွာကျင်းပလေ့ရှိသည်။ ခရစ္စမတ်နေ့သည် ယေရှုခရစ်တော် (Jesus Christ) ဖွားမြင်သည့်နေ့ဟုဆိုကြသည်။ နှစ်စဉ်ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များသည်အလှူအတန်းများနှင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်ကြသည်။ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးရှိသူများနှင့်ဘာသာမဲ့များသည်ပင်လျှင် ခရစ္စမတ်နေ့ကို ယဉ်ကျေးမှုပွဲတော်တစ်ခုအဖြစ် ကျင်းပကြသည်။

ထိုနေ့တွင်လူငယ်များသည် လူကြီးမိဘများထံမှ ခရစ္စမတ်လက်ဆောင်များနှင့် ခရစ္စမတ်ကတ်များ ရရှိကြသဖြင့်မျက်နှာများပေါ်တွင် အပြုံးများဖုံးလွှမ်းလျက်ရှိသည်။ လူငယ်များ၏ပျော်ရွှင်မှုသည် လူကြီးများကိုကူးစက်စေသည်။ စင်စစ်အားဖြင့်လူကြီးများသည်လူငယ်များကို ယဉ်ကျေးသိမ်မွေ့မှုရှိစေရန်၊ ကူညီရိုင်းပင်းတတ်စေရန်၊ ပေးကမ်းစွန့်ကြဲတတ်စေရန်နှင့် မကောင်းမှုရှောင်၍ ကောင်းမှုဆောင်တတ်စေရန်အတွက် သက်ဆိုင်ရာဘာသာတရား၏ အဆုံးအမ၊ အစဉ်အလာတို့ဖြင့် စည်းရုံးသွန်သင်ထားရမည်ဖြစ်ပေသည်။

**ခရစ္စမတ်နေ့ဆိုသည်မှာ**

ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ကို အတိအကျမသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာ ၂၅ ရက်တွင် ခရစ်တော်မွေးနေ့(Christmas Day) အဖြစ်ကျင်းပကြသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သောနိုင်ငံများတွင်ပင် စည်ကားသိုက်မြိုက်စွာကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ အစိုးရရုံး၊ ဌာနများနှင့် ကုမ္ပဏီများပိတ်ထားကြသည်။ အချို့နိုင်ငံများတွင် ထိုနေ့မှစ၍နှစ်သစ်ကူးနေ့(New Year's Day) ထိ ရက်ရှည်ရုံးပိတ်ပေးထားလေ့ရှိသည်။ အပန်းဖြေခရီးထွက်ကြသည်။ မွေးရပ်မြေကိုပြန်ကာ မိသားစုများဆုံစည်းကြသည်။ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

**ကြိုတင်ပြင်ဆင်**

ဥရောပနိုင်ငံများတွင် နှစ်စဉ် ဒီဇင်ဘာလဆန်းရောက်သည်နှင့် ခရစ္စမတ်နေ့ဂုဏ်ပြုရုပ်ရှင်၊ ဇာတ်လမ်းတွဲများ၊ သီချင်းများထုတ်လွှင့်ပြသလေ့ရှိသည်။ လမ်းများ၊ ကုန်တိုက်များနှင့် အထင်ကရအဆောက်အအုံများတွင် ခရစ္စမတ်သစ်ပင်များ၊ ရောင်စုံမီးလုံးများဖြင့် အလှဆင်ထားသဖြင့် ညဘက်မြင်ကွင်းသည်ရှုမငြီးစရာပင်ဖြစ်သည်။ ခရစ္စမတ်အကြိုအထူးဈေးရောင်းပွဲများလည်း ပြုလုပ်လေ့ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အချို့နိုင်ငံများရှိ ကုန်တိုက်ကြီးများ၌ ခရစ္စမတ်အကြိုအဖြစ် နှစ်စကတည်းက အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို လျှော့ဈေးဖြင့်ရောင်းချပေးလေ့ရှိသည်။ ငွေကြေးချို့တဲ့သူများသည် ခရစ္စမတ်နှင့်နှစ်သစ်ကူးကာလများတွင် လျှော့ဈေးဖြင့်ရောင်းသောပစ္စည်းများကို ဝယ်ယူထားလေ့ရှိကြသည်။

**ခရစ္စမတ်ဘိုးဘိုး**

ခရစ္စမတ်ဘိုးဘိုးသည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သောပုဂ္ဂိုလ်ဖြစ်သည်။ ခရစ္စမတ်ဘိုးဘိုးသည် အဖြူနှင့်အနီရောင်စပ်ကုတ်အင်္ကျီရှည်နှင့်ဘောင်းဘီရှည်တို့ကိုဝတ်ဆင်ထားပြီး ခါးတွင် ခါးပတ်အနက်ပတ်ထားသည်။




ခေါင်းစွပ်ဦးထုပ်ဆောင်းထားပြီး အနက်ရောင်ဘွတ်ဖိနပ်ရှည်ကိုစီးထားသည်။ ခရစ္စမတ်ဘိုးဘိုးသည် ခရစ္စမတ်အကြိုနေ့တွင် ကလေးများအတွက် လက်ဆောင်ပစ္စည်းများကို သယ်ဆောင်လာသည်ဟု ယုံကြည်ကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိ ကလေးများစာရင်းကို နှစ်စဉ်ပြုစုထားသည်။ လိမ္မာယဉ်ကျေးသော ကလေးများ၊ ဆိုးသွမ်းသော ကလေးများဟူ၍ စာရင်းခွဲခြားပြုစုထားသည်။ ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသောကလေးများကို ကစားစရာအရုပ်များနှင့် ချောကလက်များ လက်ဆောင်ပေးပြီး ဆိုးသွမ်းသောကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟု ခရစ်ယာန်ဘာသာဝင်များက ကလေးများလိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရေးရှုထောင့်အရ ပြောဆိုနေခြင်းလည်းဖြစ်နိုင်သည်။ အမှန်စင်စစ်မှာမူ လူကြီးမိဘများက ခရစ္စမတ်အကြိုဒီဇင်ဘာ ၂၄ ရက် ညပိုင်း၌ကလေးများ အိပ်မောကျနေသည့်အချိန်တွင် လက်ဆောင်ပစ္စည်းများကို ခရစ္စမတ်သစ်ပင်အောက်တွင်ချပေးထားခြင်းဖြစ်သည်။ ကလေးများသည် ဒီဇင်ဘာ ၂၅ ရက် နံနက်စောစောအိပ်ရာထသည့်အချိန်တွင် ထိုလက်ဆောင်ကိုတွေ့သဖြင့် ပျော်ရွှင်ကြည်နူးကြရသည်။

**ကြည်နူးဖွယ်ရာကာလ**

ခရစ္စမတ်ပွဲတော်ကာလတွင် မဖြစ်မနေပါဝင်သောအရာများသည်ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ်ရောင်စုံမီးလုံးများ၊ မီးရှူး၊ မီးပန်းများ၊ ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများ ထွန်းညှိထားကြသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းဖြစ်သည်။ အချို့သောနိုင်ငံများသည် ဒီဇင်ဘာ ၂၄ ရက်တွင် ခရစ္စမတ်အကြိုနေ့အခမ်းအနားများ ကျင်းပကြသည်။ ထိုနေ့တွင် လူငယ်များသည် နေအိမ်များကိုလှည့်လည်၍ ခရစ်ယာန်ဓမ္မတေးသီချင်းများဆိုကာ ဆုတောင်းပေးကြသည်။ အချို့သောအိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များပေးကြသည်မှာ အပြန်အလှန်မေတ္တာထားခြင်းဖြစ်ပြီး ချစ်စရာကောင်းသောအလေ့အထပင်ဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုအရ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ခရစ္စမတ်ပွဲတော်မတိုင်မီ လက်ဆောင်ပစ္စည်းများပေးပို့ရန် ကြိုတင်ပြင်ဆင်ကြရသည်။ စင်စစ်အားဖြင့် ခရစ္စမတ်နေ့၏ အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦးမေတ္တာဖြင့် အပြန်အလှန်လက်ဆောင်ပေးကြခြင်းဖြစ်သည်။ ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် မိသားစုများ စုစည်းကာ အစားအသောက်များချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးပို့ကြသည်။ အပြန်အလှန်လက်ဆောင်များပေးခြင်း၊ အလှူအတန်းပြုလုပ်ရခြင်းကြောင့် ကြည်နူးစရာအချိန်ကာလပင်ဖြစ်သည်။

**ခရစ္စမတ်ကာလတွင် အေးချမ်းပျော်ရွှင်ကြပါစေ**

မြန်မာနိုင်ငံတွင်လည်း အချို့သောလူငယ်များသည် ခရစ္စမတ်နေ့အခမ်းအနားများပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အချင်းချင်းမေတ္တာထားလာသဖြင့် ကောင်းမွန်သောလုပ်ဆောင်မှုဖြစ်သည်။ သို့သော် အချို့လူများသည် ခရစ္စမတ်နေ့တွင် ညဘက်၌ မိတ်ဆွေအပေါင်းသင်းများစုပြီး ပါတီပွဲများကျင်းပကာ သောက်စားမှုများလည်းရှိသည်။ လူတိုင်းသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ပျော်ရွှင်ကြည်နူးခွင့်များရှိကြသော်လည်း ထိုလွတ်လပ်ခွင့်များသည် အခြားသူနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိစေရန်လည်း လိုအပ်သည်။ လူသည် ပတ်ဝန်းကျင်အသိုက်အဝန်းနှင့်နေထိုင်ကြရသည်။ အထူးသဖြင့် မိမိမွေးဖွားရာဒေသ၊ နိုင်ငံ၏ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာကောင်းများကိုမူ တန်ဖိုးထားတတ်ရန် လိုအပ်သည်။

အမှန်တော့ တစ်ကမ္ဘာလုံးဆက်စပ်ပြောင်းလဲနေသောခေတ်ကြီးတွင် ယဉ်ကျေးမှုပေါင်းစုံသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည်တိုင်းတစ်ပါးယဉ်ကျေးမှုကိုအထင်ကြီးပြီး မိမိယဉ်ကျေးမှုအစဉ်အလာများကိုမေ့လျော့လာတတ်ကြသည်။ လူငယ်များသည် အတုမြင်အတတ်သင်မှုမြန်ဆန်သည်။ ထို့ကြောင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းမှုသာမရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ်အရွက်ဖုံးကာ တဖြည်းဖြည်းမှေးမှိန်လာနိုင်သည်။

ဆိုရလျှင် ဒီဇင်ဘာ ၂၅ ရက်နေ့ ခရစ္စမတ်နေ့ရောက်တော့မည်ဖြစ်သည်။ ထိုနေ့တွင် သက်ဆိုင်ရာဘာသာ၏ အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များကို လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်သွားသင့်သည်။ သို့သော် ထိုနေ့ကိုအကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပကာ သောက်စားမူးယစ်ရမ်းကားနေမည်ဆိုလျှင် ခရစ္စမတ်နေ့၏အနှစ်သာရ ပျက်ပြယ်နိုင်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးသိမ်မွေ့သောလူငယ်များပီပီ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ဆုမွန်ကောင်းများတောင်းခြင်း၊ မိသားစုများ ပျော်ရွှင်စွာဆုံစည်းခြင်းဖြင့် ခရစ္စမတ်ကာလကို အေးငြိမ်းပျော်ရွှင်စွာဖြတ်သန်းသွားစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- https://www.nationaldaycalendar.com/national-day/christmas-december-25

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခ အပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# လှုပ်ခတ်လာသော အင်ဒို-ပစိဖိတ်စစ်ရေးအခြေအနေ

နေရှား(သုတေသန)

ကမ္ဘာ့ပထဝီနိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေ သိသိသာသာ ပြောင်းလဲလာမှုနှင့်အတူ အင်ဒို-ပစိဖိတ်ဒေသ၏အရေးပါမှုသည်လည်း သိသိသာသာ တိုးမြင့်လာခဲ့သည်။ သို့ဖြစ်၍လည်း ဒေသတွင်း အင်အားကြီးနိုင်ငံများ၏အားပြိုင်မှုများ ရောက်ရှိလာမှုနှင့်အတူ မတည်မငြိမ်မှုများ အစပျိုးစေခဲ့သည်။ တောင်အာရှ၊ တောင်တရုတ်ပင်လယ်၊ ထိုင်ဝမ်ရေလက်ကြား၊ မလက္ကာရေလက်ကြား၊ အရှေ့တောင်အာရှမှ အရှေ့တရုတ်ပင်လယ်ထိ အခြေအနေများသည် ဒေသတွင်းလုံခြုံရေးအခြေအနေပြောင်းလဲမှုကို ထင်ဟပ်စေသည်။

**တောင်အာရှဒေသ**

**အိန္ဒိယ-ပါကစ္စတန်။** တောင်အာရှဒေသတွင် အိန္ဒိယနှင့်ပါကစ္စတန်တို့၏ ဆက်ဆံရေးသည် အချိန်မရွေး ပဋိပက္ခဖြစ်နိုင်သည့်အခြေအနေဖြင့် ရှိနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ ဂျမူနှင့် ကက်ရှ်မီးယားရှိ ပါဟယ်လ်ဂမ် ခရီးသွားအပန်းဖြေနေရာကို အကြမ်းဖက်တိုက်ခိုက်ခံရသည်။ ၎င်းတိုက်ခိုက်မှုသည် ပါကစ္စတန်အခြေစိုက် အကြမ်းဖက်အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဖော်ထုတ်ရရှိမှုကြောင့် ၎င်းကိုတုံ့ပြန်သည့်အနေဖြင့် အိန္ဒိယကလက်တုံ့ပြန်တိုက်ခိုက်ရာမှ နှစ်နိုင်ငံနယ်စပ်တွင် ပြင်းထန်သည့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ အိန္ဒိယက Sindoor စစ်ဆင်ရေးအဖြစ်အမည်ပေးပြီး အိန္ဒိယနှင့် နယ်စပ်ရှိ ပါကစ္စတန်အတွင်းရှိ အကြမ်းဖက်အဖွဲ့တို့၏ တည်နေရာများကို မေ ၁၀ ရက်တွင် စတင်တိုက်ခိုက်ခဲ့သည်။ ထိုမှတစ်ဆင့် ပါကစ္စတန်စစ်အခြေစိုက်စခန်းတို့ကိုလည်း တိုက်ခိုက်ခဲ့သည်ဟု ပါကစ္စတန်ဘက်မှဆိုခဲ့သည်။ ပါကစ္စတန်ကလည်း အမြောက်များ၊ ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် တန်ပြန်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်မှုများကြောင့် နှစ်ဖက်စလုံး၌ ထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။ စစ်ဆင်ရေးသုံးရက်ကြာဆင်နွှဲပြီးနောက် နှစ်နိုင်ငံ တပ်မတော်များမှစစ်ဆင်ရေးမှူးချုပ်များ အချင်းချင်း စေ့စပ်ညှိနှိုင်းမှုများဖြင့် အပြန်အလှန် တိုက်ခိုက်မှုများ ရပ်တန့်ခဲ့သည်။ နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည့် အိန္ဒိယနှင့် ပါကစ္စတန်တို့၏တိုက်ခိုက်မှုများအပေါ် ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများကပါ စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့သည်။

**ပါကစ္စတန်-အာဖဂန်နစ္စတန်။** ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ကြားတွင်လည်း မျှော်မှန်းမထားသည့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ အာဖဂန်နစ္စတန်နှင့် နယ်စပ်ရှိ ပါကစ္စတန်၏ ပိုက်သာခွန်ဒေသတွင် အာဖဂန်နစ္စတန်ဘက်မှ တာလီဘန်တို့က တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် ပါကစ္စတန်သည် အာဖဂန်နစ္စတန်သို့လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ပါကစ္စတန်၏ တိုက်ခိုက်မှုများကြောင့် အာဖဂန်နစ္စတန်အတွင်း ထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။ ကာတာနှင့်တူကီယဲတို့၏ စေ့စပ်ညှိနှိုင်းမှုများဖြင့် တိုက်ခိုက်မှုများ ရပ်တန့်ခဲ့သည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့သည် ၂၀၀၁ ခုနှစ် အမေရိကန်တို့ဦးဆောင်၍ တာလီဘန်တို့ကို တိုက်ခိုက်စဉ်ကတည်းက ပါကစ္စတန်အပေါ် မကျေနပ်မှုများဖြစ်ပေါ်ခဲ့ပြီး တာလီဘန်တို့ အာဏာပြန်လည်ရရှိချိန်တွင် ၎င်းတင်းမာမှုများ ဖြည်းဖြည်းချင်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်က ၎င်းနိုင်ငံနယ်စပ်ဒေသများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများသည် တာလီဘန်တို့နှင့်ဆက်နွှယ်လျက်ရှိသည်ဟု မကြာခဏစွပ်စွဲထားသည်။

**အရှေ့မြောက်အာရှဒေသ**

အရှေ့မြောက်ဒေသအတွင်း ဂျပန်နှင့်တရုတ်တို့သည် နယ်မြေပိုင်နက်အငြင်းပွားမှုဖြင့် တင်းမာမှုများ ရှိခဲ့သော်လည်း စီးပွားရေးဆိုင်ရာဆက်ဆံမှုများကို ဦးစားပေးခြင်းကြောင့် ၎င်းအခြေအနေများကို ကြီးထွားလာခြင်းမရှိစေရန် ထိန်းချုပ်နိုင်ခဲ့သည်။ ယခုအခါ နှစ်နိုင်ငံကြား တင်းမာမှုသည် တရုတ်နိုင်ငံကိုတိုက်ရိုက်ခြိမ်းခြောက်မှုအဖြစ် ဖော်ပြသည့် ဂျပန်၏လုံခြုံရေးမဟာဗျူဟာ၊ ဂျပန်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှု သိသိသာသာတိုးမြှင့်လုပ်ဆောင်လာမှုနှင့် တရုတ်(တိုင်ပေ)နှင့် ကီလိုမီတာ ၁၁၀ သာဝေးသည့်ကျွန်းတွင် ဒုံးကျည်များ ဖြန့်ကြက်ရေးလုပ်ဆောင်ရာမှ စတင်ခဲ့သည်။ ထို့နောက် တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ် ဆာနဲတာကာအိချိ၏ မှတ်ချက်ပြုမှုမှတစ်ဆင့် ပိုမိုမြင့်တက်လာခဲ့သည်။ တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏ မှတ်ချက်ပြုစကားကို ပြန်လည်ရုပ်သိမ်းရန်ထိ တရုတ်နိုင်ငံက တောင်းဆိုခဲ့သည်။

ထို့ပြင် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ရုရှားနှင့်တရုတ်တို့ ပူးတွဲကင်းလှည့်ပျံသန်းစဉ် ဂျပန်နှင့်တရုတ်တို့သည် ၎င်းတို့၏ တိုက်လေယာဉ်များကို ပစ်မှတ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်ဟု အပြန်အလှန်စွပ်စွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်၏ Liaoning လေယာဉ်တင်သင်္ဘောအဖွဲ့သည် မကြာသေးမီက မီယာကိုရေလက်ကြားအရှေ့ဘက်ရှိ ရေပြင်တွင် ၎င်း၏ လေယာဉ်တင်သင်္ဘောအခြေစိုက် တိုက်လေယာဉ်များအတွက် ပုံမှန်ပျံသန်းရေးလေ့ကျင့်မှုကိုစီစဉ်ခဲ့သည်။ တရုတ်ဘက်မှ လေ့ကျင့်ရေးဇုန်များကိုကြိုတင်ကြေညာပြီး ပင်လယ်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကဲ့သို့သော နိုင်ငံတကာဥပဒေစံနှုန်းများကိုလည်း တင်းကြပ်စွာလိုက်နာ၍ ဆောင်ရွက်ခဲ့သည်ဟု တရုတ်နိုင်ငံက ဆိုခဲ့သည်။ သို့ရာတွင် ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JASDF)၏ တိုက်လေယာဉ်များသည် တရုတ်ဘက်မှ ထပ်ခါတလဲလဲ သတိပေးချက်များကို လျစ်လျူရှုကာ လေ့ကျင့်ရေးဇုန်များသို့ အကြိမ်ကြိမ် ချဉ်းကပ်ပြီး နှောင့်ယှက်ခဲ့သည်ဟု တရုတ်တို့က ဖော်ပြခဲ့သည်။ ဤသို့ဖြင့် နှစ်နိုင်ငံတင်းမာမှုများသည် မကြာသေးသည့်နှစ်များအတွင်း အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။



ဂျပန်နိုင်ငံသို့ စေလွှတ်ထားသည့် B-52B ဗုံးကြဲလေယာဉ်ကို တွေ့ရစဉ်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက် ညပိုင်း လေ့ကျင့်မှုအတွင်း အမေရိကန်ရေတပ်ဖွဲ့များသည် ဒရုန်းနှင့် အနိမ့်ပျံပစ်မှတ်များစွာကို ခြေရာခံသည့် အနိမ့်ပျံသန်းမှုနှင့် တွဲဖက်လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ၎င်းလေ့ကျင့်မှု၌ Schwab စစ်စခန်းပေါ်တွင် ဒေါင်လိုက်ပျံတက်မှုနှင့် ဆင်းသက်မှုပြုလုပ်နိုင်သည့် အသေးစား VXE30 Stalker ဒရုန်းကို ပျံသန်းခဲ့သည်။

Schwab စစ်စခန်းသည် အရှေ့တရုတ်ပင်လယ်၏ အဓိကရေကြောင်း လမ်းကြောင်းများနှင့်နီးကပ်စွာတည်ရှိသော အိုကီနာဝါအခြေစိုက် အမှတ်(၃) ရေတပ်တပ်မ၏ အမှတ်(၄) ခြေလျင်တပ်ရင်းကို လက်ခံထားပါသည်။ တပ်ဖွဲ့သည် နေ့စဉ်တပ်ဖွဲ့လှုပ်ရှားမှုများတွင် သေးငယ်သော နည်းဗျူဟာမြောက်ဒရုန်းများပေါင်းစပ်မှုကို လပေါင်းများစွာကြာသည်ထိ စမ်းသပ်ခဲ့ပြီး ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ယခုအခါ တာတိုလေကြောင်းကာကွယ်ရေးမစ်ရှင်များကို ပံ့ပိုးပေးခဲ့သည်။ ညဘက်ရှာဖွေမှုအတွက် အသုံးပြုသော VXE30 Stalker သည် အုပ်စု ၂ အမျိုးအစား၊ သို့မဟုတ် NATO အဖွဲ့သုံးအမျိုးအစား "I" အတွင်း ပါဝင်သည်။ Edge Autonomy က တီထွင်ထုတ်လုပ်ထားသော ၎င်းဒရုန်းတွင် တောင်ပံအလျား ၄ ဒသမ ၉ မီတာခန့်ရှိပြီး အများဆုံးပျံတက်အလေးချိန် ၂၂ ကီလိုဂရမ်ခန့်ရှိသည်။ ယခုအခါ အမေရိကန်သည် B-52B ဗုံးကြဲလေယာဉ်ကိုလည်း ဂျပန်နိုင်ငံသို့ စေလွှတ်ထားကြောင်း တွေ့ရှိရသည်။

**တရုတ်(တိုင်ပေ)အရေး**

၂၀၂၂ ခုနှစ်က အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ၏ခရီးစဉ်ပြီးနောက် တရုတ်(တိုင်ပေ)အရေးသည် သိသိသာသာတင်းမာလာခဲ့ပြီး တရုတ်နိုင်ငံက စစ်ရေးလေ့ကျင့်မှုပြုလုပ်၍ အင်အားပြသမှုကို ပြုလုပ်ခဲ့သည်။ တရုတ်(တိုင်ပေ)ကလည်း စစ်လက်နက်ပစ္စည်းများကို ပုံမှန်ဝယ်ယူဖြည့်တင်းလာခဲ့သည်။ အဓိကအားဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုမိုဖြည့်တင်းလုပ်ဆောင်လာခဲ့သည်။

ထိုင်ဝမ်ကျွန်းသို့ အမေရိကန်၏လက်နက်ရောင်းချရေး နောက်ဆုံးလှုပ်ရှားမှုဖြစ်သည့် ဒေါ်လာ ၁၁ ဘီလီယံခန့်တန်ဖိုးရှိသော အကြီးမားဆုံးလက်နက်ရောင်းချမှုအစီအစဉ်သည် တရုတ်တစ်နိုင်ငံတည်းမူနှင့် တရုတ်-အမေရိကန်ဆက်ဆံရေး၏ နိုင်ငံရေးအုတ်မြစ်များအပေါ် အမေရိကန်၏ ထိပါးလုပ်ဆောင်မှုဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Guo Jiakun က ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အမေရိကန်မှ တရုတ်နိုင်ငံအပေါ် ကတိကဝတ်များကိုဖွဲ့စည်းထားပြီး နှစ်နိုင်ငံဆက်ဆံရေး၏ အခြေခံအုတ်မြစ်ကို ဖွဲ့စည်းထားသည်။ ၎င်းတို့ကို ထိခိုက်စေခြင်းသည် တရုတ်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့်နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိခိုက်စေရုံသာမက အပြန်အလှန်ယုံကြည်မှုကိုလည်း ထိခိုက်စေပြီး ရေလက်ကြား ဖြတ်ကျော်မှုနှင့် ဒေသတွင်းတည်ငြိမ်မှုကိုလည်း ထိခိုက်စေသည်။ တရုတ်(တိုင်ပေ)ကို လက်နက်တပ်ဆင်ပေးခြင်းသည် ထိုင်ဝမ်ရေလက်ကြားတစ်လျှောက် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်သောအခြေအနေတို့ကို အားပေးရာရောက်စေသည်ဟုဆိုခဲ့သည်။

**အရှေ့တောင်အာရှဒေသ**

အရှေ့တောင်အာရှဒေသသည် နိုင်ငံအချို့တွင် ပြည်တွင်း အကြမ်းဖက်တိုက်ခိုက်မှုနှင့် လက်နက်ကိုင်သောင်းကျန်းမှုအနည်းငယ်ရှိသည်မှအပ ဆယ်စုနှစ်နှင့်ချီ၍ တည်ငြိမ်မှုရှိခဲ့သည့် ဒေသဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံများကပင် အာဆီယံ၏တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်မှုကို အားကျခဲ့ကြသည်။ ယခုအခါ ၂၀၂၅ခုနှစ် ဇွန်လတွင်စတင်ခဲ့သော ထိုင်းနှင့် ကမ္ဘောဒီးယားတို့၏ နယ်စပ်ဒေသအပြန်အလှန်တိုက်ခိုက်မှုများသည်ပြန်လည်ဖြစ်ပွားလာခဲ့သည်။ ပထမအကြိမ် တိုက်ခိုက်မှုတွင် မလေးရှား၌ သမ္မတဒေါ်နယ်ထရမ့်က သက်သေအဖြစ်ဆောင်ရွက်သည့် အပစ်အခတ်ရပ်စဲ ရေးသဘောတူညီမှုဖြင့် ရပ်တန့်ခဲ့သည်။ ယခုအခါ ၎င်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်စီးကာ တစ်ကျော့ပြန်တိုက်ခိုက်မှုများကြောင့် နှစ်ဖက်ထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။ ထိုင်းနိုင်ငံဘက်မှ တိုက်လေယာဉ်များအသုံးပြုသည်ထိ ဖြစ်ပွားခဲ့သောကြောင့် ၂၁ ရာစုတွင် အာဆီယံအတွင်း၌ အပြင်းထန်ဆုံးသော ပဋိပက္ခအဖြစ် ရောက်ရှိခဲ့သည်။

အချုပ်ဆိုရလျှင် အင်ဒို-ပစိဖိတ်ဒေသအတွင်း မတည်မငြိမ်မှုနှင့် စစ်ရေးတင်းမာမှုများသည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးအခြေအနေသို့ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။ အရှေ့မြောက်အာရှဒေသတွင် ဂျပန်နှင့်တရုတ်တို့၏ တင်းမာမှုများ၊ တရုတ်(တိုင်ပေ)အရေးကိစ္စရပ်များ၊ တောင်အာရှဒေသတွင်းစစ်ရေးပဋိပက္ခများနှင့် ကမ္ဘောဒီးယား-ထိုင်းပဋိပက္ခတို့သည် တိကျခိုင်မာသည့် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိထားခြင်းမရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ယင်းအခြေအနေများမှ ပိုမိုကြီးထွားလာသည့် ပဋိပက္ခများထိ ဆက်လက်မဖြစ်ပေါ်စေရေးသည် ဒေသတွင်းနိုင်ငံများအတွက် လုံခြုံရေးဆိုင်ရာစိုးရိမ်မှုဖြစ်စေပြီး ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးသည် အလှမ်းဝေးနေဆဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- US arms sales to Taiwan a dangerous gambit, China Daily, December 2025
- Japan's 13-year defense budget spree rings alarm bells over military ambitions China Military Online, December 2025
- Thailand says deploys fighter jets, Cambodia claims Thai soldiers open fire amid border tension, Xinhuanet, December 2025

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်




နေပြည်တော် ဒီဇင်ဘာ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ် ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းကြောင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခဲ့သဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၅.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၅ | ၂၈.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၆ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၇ | ။ | လေအိတ် အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၈ | ။ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင်လည်း ဝန်ချိန်ပြည့်တွဲဆိုင်းများ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို သုံးရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်း လက်မှတ်ကို တစ်ရက် ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ရထားများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ငါးရက် ကြိုတင်ပြီး ဖုန်း ၀၉၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉၈၈၀၉၄၂၆၀၁ (ပျဉ်းမနား)၊ ၀၉၈၈၀၉၄၂၆၀၈(ရန်ကုန်) တို့အား ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့် အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များ လက်မှတ်ဝယ်ယူရာတွင်လည်း လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

(သတင်းစဉ်)

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၄၆၅၀ စိုက်ပျိုးပြီးစီး၊ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



ထီးချိုင့် ဒီဇင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ဧက ၄၆၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ပဲပုပ် ၄၆၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၄၆၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ပဲပုပ် ၄၆၀၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၄၆၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲပုပ်စိုက်ပျိုးရာမှာ လိုအပ်တဲ့မျိုးစေ့ရရှိဖို့နဲ့ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်သုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# အုတ်တွင်းမြို့နယ် အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

အုတ်တွင်း ဒီဇင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဝဲဒေါင့်ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အုန်းပင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အုတ်တွင်းမြို့နယ် အုန်းပင်စုကျေးရွာ၌ လမ်းအရှည် ပေ ၁၈၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ မြေသားတာပေါင်တင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၄၈ ဒသမ ၁၆ သန်းဖြင့် UNA ကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ်ဇူလိုင် ၂၅ ရက်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အုန်းပင်စုကျေးရွာရှိ အိမ်ခြေ ၁၂၀ မှ လူဦးရေ ၇၇၄ ဦးတို့၏ သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

ကိုညီ

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**







## မန္တလေးမြို့ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် နံကပ်နှစ်ထပ်အဆောက်အအုံနှင့် နောက်ကျောမြေနေရာအား စျေးပြိုင်လေလံတင်ဒါခေါ်ယူငှားရမ်းခြင်း

၁။ မန္တလေးမြို့ မဟာမုနိဘုရားကြီးဘဏ္ဍာတော်ပိုင်အနောက်မုခ်ဦး(၈၄လမ်း)အနီး ဖောင်တော်ဦးစေတီ၏မြောက်ဘက်ရှိ (၂၃ပေx၅၅.၆ပေ၊ အမြင့် ၂၀ပေ Steel Structure)နံကပ်နှစ်ထပ်အဆောက်အဦနှင့် နောက်ကျော(၂၃ပေ ပတ်လည်)မြေနေရာအား အောက်ပါအစီအစဉ်အတိုင်း စျေးပြိုင်လေလံတင်ဒါခေါ်ယူ၍ ငှားရမ်းသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | ၂၅-၁၂-၂၀၂၅ ရက် ရုံးချိန်အတွင်း၊ |
| (ခ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက် | - | ၃၁-၁၂-၂၀၂၅ ရက် ရုံးချိန်အတွင်း၊ |
| (ဂ) တင်ဒါတင်သွင်းရမည့်နေ့ရက်/အချိန် | - | ၁-၁-၂၀၂၆ ရက် (၁၆:၀၀)နာရီ |
| (ဃ) စျေးပြိုင်လေလံကျင်းပမည့်နေ့ရက်/အချိန် | - | ၃-၁-၂၀၂၆ ရက် (၁၃:၀၀)နာရီ |
| (င) တင်ဒါလျှောက်လွှာပုံစံ(၁)စုံစျေးနှုန်း | - | ကျပ်(၃၀၀၀၀) |

၂။ အသေးစိတ်အချက်များ သိရှိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄၊ ၀၉-၇၉၄၀၄၄၄၇၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ဒေါ်အေးသောင်း(၉/မရတ(နိုင်)၀၄၃၇၁၁)၏ သားဖြစ်သူ မောင်လွင်(၉/ခမစ(နိုင်)၀၀၉၃၈၉) ကိုင်ဆောင်သူမှာ မိဘတို့စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘ၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

သို့ဖြစ်ပါ၍ မောင်လွင်နှင့်ပတ်သက်သော ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများ၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်ကိုမျှ ကျွန်မမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း မောင်လွင်နှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်အေးသောင်း(၉/မရတ(နိုင်)၀၄၃၇၁၁)

### ပျောက်ဆုံးကြောင်း

ဇမ္ဗူသီရိမြို့ မင်းကုန်းရပ်ကွက်နေ လီလီ (ဘ) ဦးကျန်မင်ကွန်း (၁/ဗမန(နိုင်)၀၀၁၀၄၄)၏နိုင်ငံကူးလက်မှတ်အမှတ်(MF–196698)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09–440066983

### ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ် ငြိမ်းချမ်းသာဇံကျေးရွာနေ ဦးစိုးမိုးအောင် (ဘ) ဦးကံခွေး (၉/ပသက(နိုင်)၁၂၃၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09–402744011

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ် ရွှေယာဉ်မွန်၊ ကံကောက်ရပ်ကွက်နေ ဒေါ်နှင်းရီရီ (ဘ) ဦးရန်ကြားပြင်(ခ)စိန်ဝင်း(၉/ခအဇ(နိုင်)၀၁၆၉၉၇)၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09–761047517

### မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ သော်က ရပ်ကွက်နေ (ဘ) ဦးကျော်စွာထွန်း၏ သား မောင်စန်းလှိုင်ဝင်း (၉/အမရ(နိုင်)၂၀၅၂၀၃) ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ (၃-၆-၂၀၀၇)ဖြစ်ပါကြောင်း။

၃-၆-၂၀၀၇

### ပျောက်ဆုံးကြောင်း

ဇမ္ဗူသီရိမြို့ မင်းကုန်းရပ်ကွက်နေ အိအိဖြိုး (ဘ) ဦးရန်နိုင်ဇော်မျိုး(၁/ဗမန(နိုင်)၁၃၅၈၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF–196697)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09–699241155

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ **တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို...**

❖ **တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို...**

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ် သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန(Bone marrow Transplant Center) တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ သွေးပြန်ရေကျိတ်ကင်ဆာလူနာနှစ်ဦးကို ခြင်ဆီအစားထိုးကုသခြင်း(Bone marrow Transplant) ကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ ကျန်းမာရေးကောင်းမွန်သဖြင့် ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်ကြောင်း သိရသည်။

ယင်းလူနာနှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ အသက် ၅၄ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် လမ်းမတော်မြို့နယ်နေ အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်ပြီး အဆိုပါခြင်ဆီအစားထိုးကုသခြင်း(Bone marrow Transplant)ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး၊ သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရတနာပုံအက်ဖ်စီနှင့်ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်၊ စာမျက်နှာ ၁၉ ကော်လံ ၁ ❍

**တွဲလက်ညီညီ ရှေ့သို့ချီ**
**အောင်လံလွှင့်ဝေ**
**တပ်မတော်(ရေ)**

ဆောင်းပါး စာမျက်နှာ - ၃

**ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီး သွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်**

စာမျက်နှာ - ၃၀

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့်အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်း**

စာမျက်နှာ - ၂၂


Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉